# နဂါးနီ




ပဲရစ်ကွန်မြူးကော်

ရေးသူ

ဦးကျော်တင့်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

# နဂါးနီ

စာရေးသူက ဆင်းရဲသား၊ အလုပ်သမားများသည် မိမိတို့ အလိုရှိသော အုပ်ချုပ်ရေးကို ရရန် ဆောင်ရွက်ရာတွင် ထမြောက်စေရန်၊ မျိုးချစ်စိတ်များ မွေးမြူပြီး စိတ်အားထက်သန်စွာနှင့် နိုင်ငံရေးကို လုပ်ကိုင်ဆောင်ရွက်ကြပါလျှင် ထမြောက်အောင်မြင်ကြောင်း ရည်သန်ခဲ့ပါတယ်။

၁၈၇၁ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ အရေးတော်ပုံကြီးအကြောင်းကို ရေးသားထားတာပါ။ အဲဒီအချိန် ပဲရစ်မြို့မှာ ဘုရင့်အသိုင်းအဝိုင်းနဲ့ လုပ်ငန်းရှင်ကြီးတွေသာ မတရား ကြီးပွားချမ်းသာနေပြီး အလုပ်သမားအများစုနဲ့ မြို့သူမြို့သားတွေဟာ ဆင်းရဲမွဲတေ ငတ်ပြတ်နေကြတယ်။ အဲဒီမှာ ဂျာမနီနိုင်ငံကလည်း ပြင်သစ်နိုင်ငံကို တိုက်ခိုက်ရာက ပြင်သစ် နပိုလီယံဘုရင်ဟာ ထီးနန်းစွန့်လိုက်ရပြီး သုံ့ပန်းဖြစ်သွားတယ်။ ပဲရစ်ကို အုပ်ချုပ်တဲ့ အစိုးရအဖွဲ့ဟာလည်း ဩဇာသက်ရောက်မှုမရှိဘဲ အဖွဲ့အစည်းတွေကလည်း အများအပြားနဲ့ မီးလောင်ပြင်ကြီးကဖြစ်၊ လက်နက်တွေထိမှန်လို့ အဆောက်အအုံတွေ ပြိုပျက်နဲ့ မင်းမဲ့တိုင်းပြည် မြို့ပျက်ကြီးတစ်မြို့လို ဖြစ်သွားပါတော့တယ်။

ပဲရစ်အရေးတော်ပုံကြီး ဘာကြောင့် ဘယ်ရည်ရွယ်ချက်နဲ့ ဖြစ်ပွားတယ်ဆိုတာ သုံးသပ်ပြဖို့ရာက ခဲယဉ်းလှပါတယ်။

ဘုရင်စနစ်ကို မလိုလားဘဲ သမ္မတနိုင်ငံ ထူထောင်ချင်ကြတဲ့သူတွေလည်း ပါဝင်ကြတယ်။ ပဲရစ်မြို့တော်ကို မျိုးချစ်စိတ်နဲ့ ကာကွယ်ချင်ကြတဲ့သူတွေလည်း ပါဝင်ကြတယ်။ ဆင်းရဲကျပ်တည်းမှုဟာ နက်ရှိုင်းလွန်းလို့ စနစ်ကြီး ပြောင်းလဲချင်ကြတဲ့သူတွေလည်း ပါဝင်ကြတယ်။ ဘယ်စနစ်ဆိုတဲ့ ရည်ရွယ်ချက်လည်း အသေအချာမရှိပဲ အများစုကောင်းစားရေး ဘုံဝါဒကို မျှော်လင့်ကြတယ်လို့ ယေဘုယျကောက်ချက်ချသော်လည်း မာ့က်စ်ဘုံဝါဒမျိုးလည်း မဟုတ်ပြန်ဘူး။ ပဲရစ်အရေးတော်ပုံကြီးဟာ နောင်ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအယူအဆတွေရဲ့ ရေခံမြေခံဖြစ်တယ် ဆိုတာကိုတော့ အားလုံးသော ပညာရှင်တွေ အသိအမှတ်ပြုခဲ့ကြတယ်လို့ ဆိုပါတယ်။

ISBN9789997110978

NGN22

9 789997 110978

2,000.00KS

mgyoe.com
ပဲရစ်အရေးတော်၊ ဦးကျော်တင့်(ဘီအေ၊ ဘီအယ်လ်)
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၈၅ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၄၀ နဂါးနီထုတ် ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပဲရစ်အရေးတော်

ဦးကျော်တင့်
(ဘီအေ၊ ဘီအယ်လ်)

ဒုတိယအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဉာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဉာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နူးညွတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

## ပဲရစ်အရေးတော်
## (၁၉၄၀ ခု မေ)

စာအုပ်ရဲ့ နိဒါန်းမှာ စာရေးသူက "ဆင်းရဲသား၊ အလုပ်သမားများသည် မိမိတို့ အလိုရှိသော အုပ်ချုပ်ရေးကို ရရန် ဆောင်ရွက်ရာတွင် ထမြောက်စေရန်၊ မျိုးချစ်စိတ်များ မွေးမြူရပေမည်။ စိတ်အားထက်သန်စွာနှင့် နိုင်ငံရေးကို လုပ်ကိုင်ဆောင်ရွက်ကြပါလျှင် ထမြောက်အောင်မြင်စေကြောင်းကို ရည်သန်လျက် ဤမည်သော ပဲရစ်အရေးတော်ကို ရေးသားလိုက်ရပေသတည်း" ဟု ဆိုထားပါတယ်။

စာအုပ်ကို အခန်း (၁၅) ခန်း ခွဲ၍ ရေးသားဖော်ပြထားတာ တွေ့ရတယ်။ ခရစ်သက္ကရာဇ် ၁၈၇၁ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ အရေးတော်ပုံကြီးအကြောင်းကို ရေးသားထားတာပါ။ အဲဒီအချိန်က ပဲရစ်မြို့မှာ ဘုရင့်အသိုင်းအဝိုင်းနဲ့ လုပ်ငန်းရှင်ကြီးတွေသာ မတရားကြီးပွားချမ်းသာနေပြီး အလုပ်သမားအများစုနဲ့ မြို့သူမြို့သားတွေဟာ ဆင်းရဲမွဲတေ ငတ်ပြတ်နေကြတယ်။ အဲဒီမှာ ဂျာမနီ

mgyoe.com

mgyoe.com



နိုင်ငံကလည်း ပြင်သစ်နိုင်ငံကို တိုက်ခိုက်လာတယ်။ နောက်ဆုံး ပြင်သစ် နပိုလျံဘုရင်ဟာ ထီးနန်းစွန့်လိုက်ရပြီး သုံ့ပန်းအဖြစ် နေထိုင်နေရတော့တယ်။

ပဲရစ်ကို အုပ်ချုပ်တဲ့ အစိုးရ အဖွဲ့ဟာလည်း ဩဇာသက်ရောက်မှုမရှိ ဖြစ်နေတယ်။ အမျိုးသားတပ်၊ ဗဟိုကော်မတီ စသည်ဖြင့် အဖွဲ့အစည်းတွေကလည်း ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်အယူအဆနဲ့ကိုယ် လှုပ်ရှားနေကြတယ်။ ပဲရစ်မြို့တော်ကြီးဟာ မင်းမဲ့တိုင်းပြည်ကြီးလို ဖြစ်နေတော့တယ်။ အစိုးရအဖွဲ့ဟာ အစိုးရ ရုံးစိုက်ရာ ပါရီကနေ ဗာဆေးမြို့ကို ပြောင်းရွှေ့သွားတော့တယ်။ အဲဒီအချိန်မှာ ဂျာမနီ စစ်တပ်ဟာလည်း ပဲရစ်မြို့နဲ့ နီးကပ်သထက် နီးကပ်လာတယ်။ အမျိုးသားရေး ကာကွယ်တပ်တွေ ဖွဲ့စည်းပြီး ကာကွယ်ဖို့ စိုင်းပြင်းလာတယ်။

ဂျာမနီက ဝိုင်းရံထားတော့ ပဲရစ်မြို့ဟာ အစားအစာတွေလည်း ရှားပါးလာတယ်။ အလုပ်အကိုင်တွေလည်း မရှိသလောက် ဖြစ်နေတော့တယ်။ မြို့က ထွက်ခွာသူတွေလည်း ထွက်ခွာကြပေါ့။ မြို့ပြအုပ်ချုပ်ရေးကလည်း ပျက်ယွင်းနေတော့ ဘယ်သူ့အမိန့်နာခံရမလဲ ဆိုတာ မသိသလောက် ဖြစ်နေတယ်။ ဒါပေမဲ့ ဂျာမနီတပ်တွေ ဝင်လာရင် မခေါ်မပြောဖို့၊ အဆက်အဆံ မလုပ်ဖို့၊ စားသောက်စရာ၊ မရောင်းချဖို့ ဆိုတဲ့ အချက်ကိုတော့ အားလုံးနီးပါး လိုက်နာဆောင်ရွက်ကြတယ်။ မြို့သူမြို့သားတွေ ဆန့်ကျင်မှုကြောင့် ဂျာမနီတပ်တွေဟာ ပါရီမြို့ကနေ ထွက်ခွာသွားကြတယ်။

အဲဒီမှာ အမျိုးသားကာကွယ်ရေးတပ်တွေနဲ့ ဗဟို

mgyoe.com

mgyoe.com



ကော်မတီအဖွဲ့တွေဟာ အစိုးရ ရုံးစိုက်ရာ အဆောက်အဦကြီး သိမ်းပိုက်ပြီး ရုံးထိုင်လိုက်ကြတယ်။ ဒီနောက် ရွေးကောက်ပွဲ ကျင်းပပြုလုပ်တော့ အရေးတော်ပုံအဖွဲ့ မင်းဘာလူကြီးတွေ ရှိလာပြန်တယ်။ မင်ဘာလူကြီးတွေကလည်း အတန်းအစားစုံ ပါဝင်ကြတယ်။ အစည်းအဝေး ပြုလုပ်တိုင်း ဆုံးဖြတ်ချက်မချနိုင်ဘဲ စကားများခြင်းနဲ့သာ ပြီးဆုံးသွားရတယ်။ မင်ဘာလူကြီးတွေကလည်း နှုတ်ထွက်သူ နှုတ်ထွက်ပေါ့။ ညီညွတ်ခြင်း လုံးဝ မရှိသလောက်ပါပဲ။

အဲဒီမှာ ဗာဆေးမှာ ရုံးစိုက်မယ့် အစိုးရအဖွဲ့က ပဲရစ်ကို လာရောက် တိုက်ခိုက်ပြန်တယ်။ စစ်သတင်းတွေကလည်း အတိအကျ မသိရ။ ကောလာဟလ သတင်းတွေသာ ပျံ့နှံ့နေတော့တယ်။ ပဲရစ်မှာရှိတဲ့ အဖွဲ့အစည်းတွေကလည်း သူရှေ့ရောက်၊ ကိုယ်ရှေ့ရောက်သာ လုယက်နေကြတယ်။ လုံးဝ ညီညွတ်မှု မရှိဘူး။ နောက် အမျိုးသား ကာကွယ်ရေးတပ်တွေ အခြေအနေ မဟန်ကြောင်း သိရတဲ့အခါမှာတော့ မြို့ကနေ ပြောင်းရွှေ့သွားတဲ့ လူမနေတဲ့ အိမ်တွေကို မီးရှို့ကြတယ်။ အစိုးရအဖွဲ့ကလည်း အမြောက်တွေနဲ့ထုဆိုတော့ အဆောက်အဦတွေ ပြိုပျက်ကုန်တယ်။

ပဲရစ်မြို့ဟာ မီးလောင်ပြင်ကြီးဖြစ်၊ လက်နက်တွေ ထိမှန်လို့ အဆောက်အအုံတွေ ပြိုပျက်နဲ့ တကယ့်ကို မြို့ပျက်ကြီး တစ်မြို့လို ဖြစ်သွားပါတော့တယ်။ သေဆုံးကြတဲ့ သူတွေကလည်း မရေမတွက်နိုင်လောက်အောင်ပါပဲ။ ပဲရစ်အရေးတော်ပုံကြီး ဘာကြောင့် ဖြစ်ပွားတယ်။ ဘယ် ရည်ရွယ်ချက်နဲ့ ဖြစ်ပွားတယ် ဆိုတာ သုံးသပ်ပြဖို့ရာ ခဲယဥ်းလှပါ

mgyoe.com

mgyoe.com



တယ်။ ပါဝင်ကြတဲ့ အဖွဲ့အစည်းတွေကလည်း အများအပြား ကွဲပြားနေကြတယ်။ ဘုရင်စနစ်ကို မလိုလားဘဲ သမ္မတနိုင်ငံ ထူထောင်ချင်ကြတဲ့သူတွေ ပါဝင်ကြတယ်။ ပဲရစ်မြို့တော်ကို မျိုးချစ်စိတ်နဲ့ ကာကွယ်ချင်ကြတဲ့သူလည်း ပါဝင်ကြတယ်။ ဆင်းရဲကျပ်တည်းမှုဟာ နက်ရှိုင်းလွန်းလို့ စနစ်ကြီး ပြောင်းလဲချင်ကြတဲ့သူတွေလည်း ပါဝင်ကြတယ်။ ဘယ်စနစ်ကို ပြောင်းလဲချင်တာလဲ ဆိုတဲ့ ရည်ရွယ်ချက်လည်း အသေအချာ မရှိ။

အများစု ကောင်းစားရေး ဘုံဝါဒကို မျှော်လင့်ကြတယ်လို့ ယေဘုယျ ကောက်ချက်ချကြတယ်။ ဒါပေမဲ့ မာ့က်စ် မျှော်လင့်တဲ့ ဘုံဝါဒမျိုးလည်း မဟုတ်ဘူးလို့ ဆိုကြပါတယ်။ ပဲရစ်အရေးတော်ပုံကြီးဟာ နောင်ဖြစ်ပေါ်လာတဲ့ နိုင်ငံရေး အယူအဆတွေနဲ့ ရေခံမြေခံဖြစ်တယ် ဆိုတာကိုတော့ အားလုံးသော ပညာရှင်တွေ အသိအမှတ်ပြုကြတယ်လို့ ဆိုပါတယ်။

❐

mgyoe.com

mgyoe.com

# နိဒါန်း

ခရစ်နှစ် ၁၈၇၁ ခုနှစ်တွင် ပဲရစ်ကွန်မြူန်းခေါ် အရေးတော်ပုံကြီး တစ်ခု ပေါ်ထွက်လာလေသည်။ ၎င်းကို သက္ကရာဇ် ၁၇၈၉ ခုနှစ်က ဖြစ်ပျက်ခဲ့သော ပြင်သစ် အရေးတော်ပုံကြီး၏ အဆုံးသတ်ဟု ဆိုရပေမည်။ သို့နှင့် ပြင်သစ် ရာဇဝင်တွင် ၎င်းအခြင်းအရာကို တိတိကျကျ ရေးသား ထည့်သွင်းရန် ခဲယဉ်း၏။ ပဲရစ်ကွန်မြူန်း အဖြစ်အပျက်ကြီး ဖြစ်ပျက်ပြီးသည့်နောက်မှ အခြား တိုင်းပြည်များတွင် ပုန်ကန် ထကြွခြင်းများ၊ ဆူပူလှုပ်ရှားခြင်းများ၊ အုပ်ချုပ်ရေး ပြုပြင် ပြောင်းလဲခြင်းများ ဖြစ်ပြန်ရသည်။ အထက်ပါ အရေးတော် ပုံကြီးများလောက် မကြီးကျယ်သော်လည်း တစ်သဘော တည်းဟုပင် ဆိုရမည်။ ထိုအကြောင်းခြင်းရာတို့ကို စုပေါင်း ၍ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးဖြစ်သော ကားလ်မတ်သည် ၎င်း၏ ဘုံဝါဒ ကြေညာစာတမ်းကို ပြုပြင်ချဲ့ထွင် ရေးသားခဲ့လေ သည်။

ဤပဲရစ်ကွန်မြူန်း (ခေါ်) အရေးတော်ပုံ၌ များစွာ သော အသက်ဆုံးရှုံးခြင်း၊ များစွာသော အဆောက်အအုံကြီး

mgyoe.com

mgyoe.com



တို့ ပျက်စီးခြင်း။ ဘုရင် စံမြန်းတော်မူသော နန်းတော်ကြီးကို မီးသင့်လောင်ကျွမ်းခြင်း၊ ထောင်သောင်းများစွာသော သူတို့ကို ထောင်သွင်းအကျဉ်းထားခြင်း။ ထောင်ပေါင်းများစွာသော သူတို့ကို တိုင်းပြည်မှ နှင်ထုတ်ပစ်ခြင်း စသော အခြင်းအရာ ဆိုးတို့ကို တွေ့ရှိရလေသည်။ ထိုအခါက ရက်စက်စွာ သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသော လူဦးရေမှာ ကြောက်ဖွယ်လိလိ များပြားလှ၏။ ပြင်သစ်အရေးတော်ပုံကြီး ဖြစ်စဉ် ၃ နှစ် အတွင်းက ကျဆုံးခဲ့ရသော လူဦးရေထက် နှစ်ဆများလေသည်။ ပဲရစ်မြို့တော်တွင် များစွာသော အလုပ်သမားတို့သည် ထိုအရေးတော်ပုံအတွင်းက ကျဆုံးသော သူတို့၏ မြှုပ်နှံထားရာသင်္ချိုင်းသို့ ယခုအခါ နှစ်တိုင်းနှစ်တိုင်း ပန်းအခွေများကို ကိုင်ဆောင်ချီတက်၍ အရိုအသေပြုကြ၏။

ပြင်သစ်ပြည်တွင် လွန်ခဲ့သော ၆၅ နှစ်ခန့်က ဤမျှကြီးမားသော အရေးတော်ပုံ ဖြစ်လောက်အောင် လက်ရှိအစိုးရကို မနှစ်သက်ဘဲ ဘုံဝါဒကို နှစ်သက်သော ဘုံဝါဒသမားများ ရှိပါသလားဟု မေးလျှင် မရှိပါဟု ဖြေဆိုရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုအခါက အစိုးရ အုပ်ချုပ်ခြင်းကို ပြောင်းလဲလိုသူများ၊ ပုန်ကန်ထကြွလိုသူများ၊ ဘုံဝါဒကို အလိုရှိသူများနှင့် အလုပ်သမားများ ရောပြွမ်းလျက် ရှိလေသည်။ ၎င်းတို့သည် ပဲရစ်မြို့တော်ကို ရန်သူလက်သို့ မပါစေရန် နှစ်လခွဲမျှ သိမ်းပိုက်ထား၏။ ထို့ကြောင့် ရန်သူများက ၎င်းတို့ကို ဘုံဝါဒသမားများဟု ခေါ်ဝေါ်ခြင်းမျှသာ ဖြစ်ခဲ့လေသည်။ စင်စစ် အရေးတော်ပုံဖြစ်စေရန် လှုံ့ဆော်သည့် ဘုံဝါဒသမားအစစ် မရှိချေ။

mgyoe.com

mgyoe.com



ယခုခေတ်သမယတွင် ဘုံဝါဒဟုခေါ်သော နိုင်ငံရေး အယူဝါဒ သည် ပဲရစ်အရေးတော်ပုံဖြစ်စဉ် အခါကတည်းက များစွာ ပေါ်လွင်လျက် ရှိကြောင်းကို လီနင် (ခေါ်) ပုဂ္ဂိုလ်ကြီး က တွေ့မြင်ခဲ့သည်ဟု ဆို၏။ ၎င်းကပင် ပဲရစ်အရေးတော်ပုံ သည် ပုန်ကန်ထကြွခြင်းတွင် ပထမအဆင့်အတန်း ဖြစ် ကြောင်း ရှုရှားပြည်၏ ပုန်ကန်ထကြွခြင်းမှာ ဒုတိယအဆင့် အတန်း ဖြစ်ကြောင်းနှင့် အထပ်ထပ် ပြောဆိုဖူးလေသည်။ ပဲရစ်မြို့ အရေးတော်ပုံဖြစ်ရခြင်း အကြောင်းရင်းကို မည်သူမျှ တပ်အပ်သေချာစွာ မသိပေ။ အဘယ့်ကြောင့်ဆိုသော် ရာဇဝင် ဆရာများလည်း ထုတ်ဖော်ရေးသားခြင်း မရှိ။ ယခုတိုင် ပြင်သစ်စစ်ရုံး၌ ရှိသေးသော အရေးကြီးသည့် စာချုပ်စာတမ်း များကိုလည်း မည်သူတစ်ဦး တစ်ယောက်ကိုမျှ ကြည့်ရှု မှတ်သားခွင့် မပြုသောကြောင့် ဖြစ်လေသည်။

ကားလ်မတ်ဆိုသူ ပုဂ္ဂိုလ်ကြီးသည် ကမ္ဘာတွင် အထူး ထင်ရှား ကျော်စောသော ပြင်သစ်ပြည်တွင်း စစ်မက်ဖြစ်ပွား ခြင်း (ခေါ်) စာအုပ်ကို အင်္ဂလိပ်သတင်းစာ၊ ပြင်သစ် သတင်းစာများနှင့် ပဲရစ်မြို့ အလုပ်သမား အသင်းသားများ ပြောဆိုရေးသားချက်တို့ကို အခြေပြု၍ ၎င်းအလုပ်သမား ဆင်းရဲသားတို့၏ အကျိုးအတွက် သက်သက် စီရင်ရေးသား ခဲ့သည်။ ၎င်းစာအုပ်တွင် အခြား အရေးကြီးသော အကြောင်း အချက်တို့မှာ မည်သည်ကိုမျှ အမှီပြု၍ ရေးသားထားသည် မဟုတ်ချေ။ မိမိကိုယ်တိုင် တွေ့ဖူးကြုံဖူးသော အချက်တို့ကို အခြေပြု၍ ရာဇဝင်ရေးခြင်း ဉာဏ်စွမ်းကို ပြပြီးလျှင် ရေး သားခြင်း ဖြစ်လေသည်။ မိမိ ရေးသားချက်တို့မှာ မှန်ကန်

mgyoe.com

mgyoe.com



ရမည်၊ ပြောင်းလဲခြင်းမရှိနိုင်ဟု ဆို၏။ ၎င်းစာအုပ်နှင့် လီနင် နောက်ထပ် ပြုပြင်ရေးသားအပ်သော တိုင်းပြည်နိုင်ငံနှင့် ပုန်ကန်ထကြွခြင်း(ခေါ်) စာအုပ်များတွင် မူလဖြစ်ရင်း အကြောင်းများသည် တိမ်မြုပ်နေခဲ့သည် ဖြစ်သောကြောင့် ၎င်းတို့ကို ထုတ်ဖော်ရေးသားလို၍ ဤပဲရစ်မြို့ အရေးတော်ပုံ စာအုပ်ကို ရေးသားရပါကြောင်း။

ဤအရေးတော်ပုံဖြစ်စဉ်က များစွာသော ချို့ယွင်း ချက်များ ရှိခဲ့လေသည်။ သို့ရှိခဲ့ခြင်းကြောင့်လည်း ထကြွသူ များမှာ အနည်းငယ်မျှသာ အောင်မြင်ခြင်း ရှိလေသည်။ ထိုချို့ယွင်းချက်တို့ကို သိပြီးဖြစ်လျှင် နောင်အကြီးအကျယ် ပုန်ကန်ထကြွရာတွင် အောင်မြင်စေရန် များစွာ အရေးပါ အရာရောက်ပေမည်။ ကားလ်မတ်ဆိုသူ ပုဂ္ဂိုလ်ကြီးကလည်း ဤချို့ယွင်းချက်တို့သည် နောင်အကျိုးခံစားခွင့်ရှိသော ချို့ယွင်း ချက်များဟု ယူဆလေသည်။ ခရစ်နှစ် ၁၉၃၄ ခုနှစ်၌ ဖြစ် သော အက်စကြူရီယား အရေးတော်ပုံမှာ ပါရစ်မြို့ အရေး တော်ပုံနှင့် မူလဖြစ်သော အကြောင်းရင်းများ ကွဲပြားခြားနား ၏။ သို့သော် သဘောသဘာဝချင်း တူညီကြောင်းကို တွေ့ မြင်ကြပေလိမ့်မည်။ ဤကဲ့သို့ ထကြွဆူပူလှုပ်ရှားခြင်းဖြင့် အရေးတော်ပုံများဖြစ်ခဲ့ရာ ပြီးဆုံးသည့်အခါ မှန်းခြေမပေါက်၊ စွန့်စားသလောက် ခရီးမရောက်၍ အရေးရှုံးနိမ့်ခြင်းနှင့် တွေ့ ကြုံရသည့်တိုင်အောင် အရေးရှုံးနိမ့်သည်ကို ပဓာနမထားသင့် ပေ။ ဆင်းရဲသား အလုပ်သမားများသည် မိမိတို့အလိုရှိသော အုပ်ချုပ်ရေးကိုရရန် ဆောင်ရွက်ရာတွင် ထမြောက်စေရန် မျိုးချစ်စိတ်များ မွေးမြူရပေမည်။ စိတ်အားထက်သန်စွာနှင့်

mgyoe.com

mgyoe.com



နိုင်ငံရေးကို လုပ်ကိုင်ဆောင်ရွက်ကြပါလျှင် ထမြောက်အောင်မြင်စေနိုင်ကြောင်းကို ရည်သန်လျက် ဤမည်သော ပဲရစ်မြို့ အရေးတော်ပုံ စာအုပ်ကို ရေးသားလိုက်ရပေသတည်း။

စာရေးသူ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း - ၁
## ပြင်သစ်အင်ပါယာကြီး ကျဆုံးခြင်း

အလုပ်သမားများသည် တစ်ဖွဲ့တည်းနှင့် မည်မျှပင် ထကြွဆူပူ လှုပ်ရှားခြင်း ပြုလုပ်သော်လည်း လွတ်လပ်ခွင့်ရနိုင်မည် မဟုတ်ချေ။ တိုင်းပြည်တွင် အသီးသီး ဂိုဏ်းဂဏ ကွဲပြားနေသော အလယ်တန်းစား-ကုန်သည်ပွဲစား စသော လူစုများပါ ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံရေးအာဏာကို လက်တွင်းသို့ ရောက်ရှိနိုင်ပေမည်။ သို့မှ တိုင်းပြည်ကို တိုင်းသူပြည်သားများ၏ အလိုဆန္ဒအတိုင်း ပြုပြင်ပြောင်းလဲနိုင်လေသည်။ ထိုအခါ၌ အလုပ်သမားနှင့် အလုပ်ရှင်တို့ မသင့်မတင့် ဖြစ်ကြလျှင် အလုပ်သမားများ တောင်းဆိုသည့် အချက်များကို အလုပ်ရှင်တို့က မဆိုင်းမတွဘဲ လိုက်လျောရချေမည်။

ခရစ်နှစ် ၁၈၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် အလွန်ထင်ရှားကျော်စောသော ပြင်သစ်စစ်ဗိုလ်ချုပ်ကြီး နပိုလျံသည် ပြင်သစ်ဒုတိယအင်ပါယာ နိုင်ငံတော်ကြီးကို ခမ်းနားကြီးကျယ်စွာ၊ သိမ်းပိုက်စိုးစံတော်မူလေသည်။ သို့စိုးစံတော်မူစဉ်တွင် အများပြည်သူတို့နှင့်ဆိုင်သော ဘုရားရှိခိုးကျောင်း၊ ဆေးရုံ၊ လူအိုရုံ စသည် အဆောက်အအုံ

mgyoe.com

mgyoe.com


များကို ၎င်းသည် ရက်ရောစွာ ဆောက်လုပ်လှူဒါန်းခဲ့၏။ ဤကဲ့သို့ ၁၇ နှစ်တိုင်တိုင် စိုးမိုးအုပ်ချုပ်ပြီးသည့်နောက် ဘုရင်မင်းမြတ်အပေါ်၌ အထူးထူးအထွေထွေသော တာဝန်ဝတ္တရားများ၊ တစ်နေ့တခြား ကြီးလေးလာလေသည်။ ၎င်းဘုရင်မင်းမြတ်သည် ရှေးအခါက ဆင်းရဲသားဝါဒ အတိုင်း၊ ခေါင်းဆောင်အဖြစ်ဖြင့် လုပ်ကိုင်လာသောကြောင့် အထွတ်အထိပ်သို့ ရောက်ရခြင်းကို မျက်ဝါးထင်ထင် သိမြင်လာခဲ့ရာ ၎င်းဆင်းရဲသားဝါဒကို တစ်ဖန် အသစ်ပြန်လည် ဖြန့်ဖြူးရန် မလုပ်မနေနိုင်အောင် ရှိလေ၏။ ပဲရစ်မြို့တော်၌လည်း လွန်ခဲ့သော ၁၇ နှစ်အတွင်းက မတွေ့မကြုံဖူးသော နိုင်ငံရေး ဆူပူလှုပ်ရှားခြင်းတို့သည် ၁၈၄၈ ခုနှစ် ဇွေရာသီကုန်ခါနီးတွင် ဖြစ်ပေါ်လာလေသည်။

လက်ရှိ အစိုးရအုပ်ချုပ်ခြင်းကို မနှစ်သက်၊ မလိုလားသဖြင့် ပြောင်းလဲခြင်း၊ ပုန်ကန်ခြင်းတို့ကို အလိုရှိသော နိုင်ငံရေးခေါင်းဆောင်တို့သည် မိမိတို့၏ နောက်လိုက်ငယ်သားများနှင့် တွေ့ဆုံစိုင်းပြင်း နှီးနှောကြလေ၏။ အတိုက်အခံ ဂိုဏ်းသားများလည်း ဘလင်ကီဆိုသူ နိုင်ငံရေး၊ အကျဉ်းသမားထံ ထောင်အတွင်းသို့ သွားရောက် တွေ့ဆုံနှီးနှောပြီးလျှင် လျှို့ဝှက်သောအသင်းကို တည်ထောင်ကြ၏။ ဘလင်ကီသည် ရုပ်ဖျက်၍ ထောင်မှ ထွက်ပြေးတိမ်းရှောင်သွားပြီးလျှင် နိုင်ငံရေးတစ်စင် ထောင်လေသည်။ အသက်မှာ ၆၅ နှစ် ဖြစ်၏။ အကျဉ်းခံရသည့် နှစ်နှင့် တိုင်းပြည်မှ နှင်ထုတ်ခံရသည့် နှစ်များမှာ ၂၈ နှစ်လောက် ရှိလေသည်။ ၎င်းသည် သူပုန်ခေါင်းဆောင်အစစ် ဖြစ်သော်လည်း ဘုံဝါဒသမား မဟုတ်ချေ။ နောက်လိုက်ငယ်သား တပည့်ပေါင်းမှာ ၃၀၀၀ လောက် ရှိချေသည်။ အတိုက်အခံ ဂိုဏ်းသားတို့၏ ခေါင်းဆောင်ကြီးများမှာလည်း ရှော့ဖို၊ ပရောက်ဒန်၊ ကားလ်မတ်တို့ ဖြစ်လေသည်။ ၎င်းတို့၏ဝါဒသည် ဘလင်ကီ၏ ဝါဒနှင့် ကွဲပြားခြားနားသော်လည်း ရည်ရွယ်ချက်မှာ တူကြလေသည်။

mgyoe.com

mgyoe.com


၁၈၅၇ ခုနှစ်မှ ၁၈၆၇ ခုနှစ်အတွင်း၌ အလုပ်သမားများ၏ အခကြေးငွေမှာ ယုတ်လျော့နည်းပါးသွားလေသည်။ သို့သော် အစိုးရက ဆင်းရဲခြင်း၊ ပပျောက်အောင် လုပ်မည်ဟု ကတိပေး၏။ သမဝါယမ အသင်းများ တည်ထောင်နိုင်ရန် ထောက်ပံ့ကြေးများ ပေး၏။ အလုပ်သမားများလည်း အစိုးရ၏ အကူအညီကို လက်ခံ၍ သမဝါယမအသင်းများ တည်ထောင်ကြ၏။ အလုပ်သမားအသင်းများ ဖွဲ့စည်းကြ၏။ သတ္တုအလုပ်သမားများသည် ၁၈၆၇ ခုနှစ်တွင် သပိတ်မှောက်ရာ ထမြောက်အောင်မြင်၏။ ၁၈၆၄ ခုနှစ်တွင် စာအုပ်ချုပ်သမားများသည် သပိတ်မှောက်သဖြင့် အခကြေးငွေ တိုးတက်ရကြ၏။ ဘုရင်ကလည်း သပိတ်မှောက်ခြင်းကို ကာကွယ်ရန် ဥပဒေကို ရုပ်သိမ်းလိုက်၏။ သို့သော် ဓနရှင်များကို စောင့်ရှောက်ရန်နှင့် သပိတ်သမားများအား ဖိနှိပ်ရန် စစ်တပ်များကို စေလွှတ်ထားလေသည်။

ပြင်သစ်ဘုရင်၏ စီမံချက်အရ ၁၈၆၂ ခုနှစ်၌ လန်ဒန်မြို့ပြပွဲသို့ ပြင်သစ်အလုပ်သမား ၂၀၀ ကို ပြင်သစ်ပြည်၏ ကိုယ်စားလှယ်များအဖြစ်ဖြင့် စေလွှတ်လိုက်၏။ သို့စေလွှတ်ခြင်းကို အတိုင်ပင်ခံ ဝန်ကြီးချုပ်များက သဘောမတူကြချေ။ ဘုရင်၏ ကြံရွယ်ချက် သဘောမှာ ပြင်သစ် အလုပ်သမားများသည် အင်္ဂလိပ် အလုပ်သမားတို့နှင့် တွေ့ဆုံသည့်အခါ လိမ္မာယဉ်ကျေးလာကြလိမ့်မည်။ မကြာခဏ သပိတ်မှောက်ခြင်းကို စွန့်ပစ်ကြလိမ့်မည်ဟု အထင်ရှိလေသည်။ လန်ဒန်ပြပွဲတွင် အင်္ဂလိပ် ဓနရှင်တို့က အလုပ်ပိုင်ရှင်နှင့် အလုပ်သမားတို့ သင့်တင့်စွာ ပူးပေါင်းလုပ်ကိုင်ရန် အကြံပေးလေသည်။ ဤကဲ့သို့ သင့်တင့်စွာ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မှသာလျှင် အလုပ်လက်မဲ့ဖြစ်မည့် အလုပ်သမားများ၏ကိစ္စကို ချောမောစွာ၊ ဆွေးနွေးတိုင်ပင်နိုင်ကြောင်း၊ ဟောပြောလေသည်။ ပြင်သစ်ပြည်မှ ကိုယ်စားလှယ် လွှတ်သော အလုပ်သမား

mgyoe.com

mgyoe.com


၂၀၀ တို့သည် လန်ဒန်မြို့မှ ပြန်လာကြရာ အချင်းချင်း စိတ်ဝမ်းကွဲပြား လျက် ရှိကြ၏။ စိတ်ဝမ်းကွဲပြားခြင်းမှာလည်း အင်္ဂလိပ်နိုင်ငံရေး ခေါင်းဆောင် အချို့နှင့် ကားလ်မတ်က ဘုရင်သည် အလုပ်သမား ကိုယ်စားလှယ်များကို စေလွှတ်ခြင်းမှာ ဓနရှင်များ၏ ဖိနှိပ်ခြင်းကို အမြဲ ခံစေလို၍ လွှတ်သည်ဟု ပြောဆိုကြသဖြင့် ဖြစ်လေသည်။ အတိုက်အခံ ခေါင်းဆောင် ဘလင်ကီကလည်း လန်ဒန်မြို့၌ ဖွင့်လှစ်သော ပြပွဲသို့ အလုပ်သမားများအား စေလွှတ်ခြင်းသည် ဘုရင်၏ လှည့်စားခြင်းမျှသာ ဖြစ်သည်ဟု ပြောဆို၏။

၁၈၆၄ ခုနှစ်တွင် လူမျိုးမရွေး အလုပ်သမားများ၏ အသင်းကို လန်ဒန်မြို့၌ တည်ထောင်ဖွဲ့စည်းကြ၏။ ၁၈၆၇ ခုနှစ်အထိ ပြင်သစ်ပြည် ၏ အလုပ်သမား အသင်းသားပေါင်းမှာ ၆၀၀ ခန့်သာ ရှိလေသေးသည်။ လစဉ်ကြေးငွေမှာ နည်းပါး၏။ အသင်းရန်ပုံငွေသည်လည်း ရွှေဒင်္ဂါး ပေါင် ၆၇ သာ ရှိ၏။ ကားလ်မတ်က ၎င်းအလုပ်သမားအသင်းသည် ကလေးကစားသကဲ့သို့ ရှိနေသဖြင့် ထမြောက်အောင်မြင်ရန် လမ်းမရှိဟု ဆိုလေသည်။ ၎င်းအလုပ်သမား အသင်းကိုပင် အစိုးရအဖွဲ့မှ ပုလိပ်တို့က လျှို့ဝှက်သောအသင်း ဖြစ်ကြောင်းနှင့် ကြောက်မက်ဖွယ်ကောင်းသော အသင်းဖြစ်ကြောင်းဟု သတင်းရရှိသည်ဆို၏။ ထိုသတင်းအရ ၁၈၆၈ ခုနှစ်၊ မတ်လတွင် ရုံးတင် တရားစွဲလေသည်။ များစွာသော အသင်းသား တို့အား ကြီးလေးသော အပြစ်ဒဏ်များ ပေးလေသည်။ ထိုစဉ်အခါ ပဲရစ်မြို့တော်ရှိ အလုပ်သမားအသင်းမှာ လုံးလုံးပျက်စီးသွားလေတော့ ၏။ ကားလ်မတ်သည် ၎င်း၏ တပည့်များနှင့် နောက်ထပ် အလုပ်သမား အသင်း တည်ထောင်ပြန်လေသည်။ ၎င်းအသင်းတွင် ပဲရစ်မြို့ရှိ အလုပ် သမားပေါင်း ခုနစ်ပုံပုံလျှင် တစ်ပုံနှင့် ညီမျှသော လူဦးရေ ခုနစ်သောင်းတို့ သည် အသင်းသားများအဖြစ် ပါဝင်ကြ၏။ ပဲရစ်မြို့တော်၏ လူဦးရေမှာ

mgyoe.com

mgyoe.com


၁၇၉၃ ခုနှစ်၌ ၈ သိန်းသာ ရှိသည်။ ၁၈၇၁ ခုနှစ်တွင် လူဦးရေ ၁ သန်း၊ ၈ သိန်း၊ ၄ သောင်း၊ ၅ ထောင်ခန့် ရှိလာလေသည်။ လူဦးရေ ဤမျှ တိုးတက်ခြင်းမှာ အခြားနိုင်ငံများမှ လာရောက်နေထိုင်သူများ ကြောင့် ဖြစ်လေသည်။

လက်မှုပညာ အလုပ်များကို ချဲ့ထွင်ရေးတွင် တိုးတက်ခြင်း မရှိ။ တစ်နေ့တခြား ယုတ်လျော့လာလေ၏။ ယုတ်လျော့ခြင်းမှာ အုပ်ချုပ် သော အစိုးရ ညံ့ဖျင်းခြင်းကြောင့် ဖြစ်လေသည်။ အစိုးရအဖွဲ့ကလည်း အတိုက်အခံ ဂိုဏ်းသားများအား အစိတ်စိတ်အမြွှာမြွှာ ကွဲအောင် အမြဲ ကြံရွယ်လျက်ရှိ၏။ အင်ပါယာကြီး ပျက်စီးချိန် နီးကပ်လာလေလေ၊ အတိုက်အခံ ဂိုဏ်းသားများ စိတ်ဝမ်းကွဲလေလေ ဖြစ်၏။ တချို့က ဒီမိုကရေစီသမ္မတ အုပ်ချုပ်ခြင်းကို အလိုရှိကြသည်။ တချို့က ဘုံဝါဒ သမ္မတ အုပ်ချုပ်ခြင်းကို အလိုရှိကြသည်။

ခရစ်နှစ် ၁၈၆၉ ခုနှစ်အစတွင် ဂျာမန်နှင့် ပြင်သစ်တို့မှာ စစ်ဖြစ် တော့မလို ဖြစ်လာ၏။ ပြင်သစ်ပြည်၏ ကာကွယ်ရေးကို မျိုးချစ်ပုဂ္ဂိုလ် များက တလုံးတစည်းတည်း ခုခံတိုက်ခိုက်မှသာ ရန်သူ၏ ဘေးနှင့် ဝေးနိုင်မည်။ ထို့ကြောင့် အစိုးရက မျိုးချစ်ပုဂ္ဂိုလ်များအား အကူအညီ တောင်းရလေသည်။ ဤအခြေအနေမျိုး ဆိုက်ရောက်နေစဉ်အတွင်း အစိုးရအပေါ်၌ အယုံအကြည် ကင်းမဲ့အောင် ကိစ္စတစ်ခု ပေါ်ပေါက်လာ ၏။ ထိုကိစ္စမှာ စိတ်ရူးသွပ်သော တရားမင်းဆိုသူသည် သူ၏ အိမ်သား အားလုံးကို သတ်ဖြတ်လိုက်လေသည်။ ၎င်းကို လူသတ်မှုနှင့် အစိုးရက ကွပ်မျက်လိုက်၏။ သတင်းစာ တစ်စောင်တွင် အစိုးရအား အရူးကိုတော့ သတ်ပစ်သည်။ အခြား လူသတ်မှု တစ်မှုက တရားခံကိုတော့ အဘယ် ကြောင့် အရေးမယူသနည်းဟု ရေးသား မေးထားလေ၏။ အခြား လူသတ်မှု တစ်မှု၏ တရားခံမှာ ဘုရင်၏ ညီအစ်ကိုဝမ်းကွဲတော်သူ

mgyoe.com

mgyoe.com

ပိုင်ရီနုပိုလျံဘိုနပတ်မင်းသား ဖြစ်လေသည်။ ၎င်းမင်းသားသည် လက်ဝဲဂိုဏ်းသား သတင်းစာဆရာ ဘစ်တာနိုအာကို အကြောင်းမဲ့ သေနတ်ဖြင့် ပစ်သတ်ခဲ့၏။ ထိုအမှုကို ဖုံးအုပ်၍မထားနိုင်။ တိုင်းပြည်က ဆူပူသောကြောင့် တရားရုံးက တရားစွဲ၍ လျော်ကြေးငွေ ၂၅၀၀၀ ပေးစေဟု အမိန့်ချမှတ်ရလေသည်။

လက်ဝဲဂိုဏ်းသား ဘစ်တာနိုအာကို သင်္ဂြိုဟ်မည့်နေ့တွင် ဘလင်ကီ၏ နောက်လိုက်ငယ်သား ၂၀၀၀ တို့သည် လက်နက်စွဲကိုင်လျက် ပါရစ်မြို့တော်အတွင်း ဆူပူရန် ချီတက်မည် ပြုလေ၏။ သို့သော် အခြားခေါင်းဆောင် နှစ်ဦးက တားမြစ်သဖြင့် မချီတက်ကြချေ။ အတိုက်အခံဂိုဏ်းသားတို့မှာ မိမိတို့ အင်အားမည်မျှရှိကြောင်းကို သိရှိကြလေသည်။ ထိုညနေမှာပင် ကားလ်မတ်၏ ဂိုဏ်းသားအလုပ်သမားများ အသင်းသည် လန်ဒန်မြို့၌ တည်ထောင်သော လူမျိုးမရွေး အလုပ်သမားများ အသင်းကြီး၏ ပဲရစ်မြို့တော်အသင်းခွဲ ဟူ၍ နာမည် ကျော်ကြားလာလေ၏။ ဘစ်တာနိုအာကို သင်္ဂြိုဟ်ပြီးသည့်နောက် ပါရစ်မြို့တော်မှာ ငြိမ်သက်ခြင်းမရှိ ပြောက်ကျားပြောက်ကျား အဓိကရုဏ်းများ ဖြစ်လျက်ရှိ၏။

အတိုက်အခံ ဂိုဏ်းသားများမှာ တစ်ယောက်ကို တစ်ယောက် အထင်အမြင်လွဲ၊ တစ်ယောက်ကို တစ်ယောက် စွပ်စွဲပြောဆိုကြသဖြင့် တစ်ဖန်ကွဲကြပြန်၏။ ထိုစဉ်အခါ ရှောဖို့ဆိုသူအား အစိုးရအပေါ် အကြည်ညိုပျက်စေရန် တရားဟောပြောမှုနှင့် ပုလိပ်တို့က ဖမ်းဆီးလေသည်။ လက်ဝဲဂိုဏ်းသား ခေါင်းဆောင် ၄၅၀ ကိုလည်း ဘုရင်၏ အသက်ကို ကြံစည်သည်ဆို၍ ဖမ်းဆီးပြီးလျှင် ၃၇၉ ယောက်ကို သက်သေမရှိ၍ လွှတ်လိုက်၏။ ကျန်ခေါင်းဆောင်များကို အပြစ်ပေးလေသည်။ ရှောဖို့လည်း ထောင်ဒဏ်ခံရတော့၏။

mgyoe.com

mgyoe.com


လွတ်လပ်သော အင်ပါယာကြီး တည်တံ့ရေးကို တိုင်းပြည်က လိုလားသည် မလိုလားသည် သိသာစေရန် ရွေးကောက်ပွဲတစ်ခု ဘုရင်က ကျင်းပပြုလုပ်စေ၏။ ထိုရွေးကောက်ပွဲ၌ လိုလားသူတို့မှာ ၇ သန်းကျော် ရှိ၏။ မလိုလားသူတို့မှာ ၁ သန်းကျော်သာ ရှိလေသည်။ မဲမထည့်သူများမှာ ၁ သန်းကျော် ရှိသေး၏။

တိုင်းပြည်တွင် လက်မှုပညာ ချဲ့ထွင်ခြင်းမှာလည်း ယုတ်လျော့လာလေ၏။ အလုပ်ပိုင် ခနရှင်တို့သည် အလုပ်သမားတို့၏ အခကြေးကို လျှော့ပေါ့၍ ပေးစပြုလာကြ၏။ အလုပ်သမားများကလည်း အလုပ်ရပ်စဲ၍ သပိတ်လက်နက်ကို အသုံးပြုကြ၏။ အရေးအကြီးဆုံးဖြစ်သော အလုပ်ရပ်စဲသည့် သပိတ်မှာ လီကရူဆက် သံမဏိအလုပ်ရုံ ဖြစ်လေသည်။ ၎င်းအလုပ်ရုံကို အလုပ်သမားများ သပိတ်မှောက်သည့်နေ့မှာ ၁၈၇၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ဖြစ်၏။ သပိတ်ခေါင်းဆောင်ကား အယ်လ်ဖွန်စီဆိုသူ ဖြစ်လေသည်။ ထိုကိစ္စကို အလုပ်သမား အသင်းချုပ်ကြီး၏ ဝါဒနှင့် ရော့ဖို့ဆိုသူထုတ်ဝေသော သတင်းစာက ထောက်ခံချက် ပေးကြ၏။ ထို့ကြောင့် တိုင်းပြည်ကလည်း အလုပ်သမားများ၏ တရားသဖြင့် တောင်းဆိုချက်တို့ကို ကရုဏာဖြင့် ထောက်ခံကြလေသည်။ ဘုရင်၏ အလုပ်သမားများ လွတ်လပ်ရေး (ခေါ်) လိမ်လည်လှည့်ဖြားထားသော စနစ်မှာ ဤသပိတ်ကိစ္စက စတင်၍ ဘွင်းဘွင်းပေါ်လာတော့၏။ အလုပ်သမားများက အခကြေးငွေ တိုးပေးရန် တရားသဖြင့် တောင်းဆိုခြင်းကို အလုပ်ပိုင်ခနရှင်တို့သည် မိမိတို့ သက်သာခွင့်ရရန်အတွက် အစိုးရအား အကူအညီတောင်း၏။ အစိုးရသည် အကြင်နာ ကင်းမဲ့စွာ အလုပ်သမားများကို ဖိနှိပ်လေသည်။

ကရူဆော့ဆိုသူ သံမဏိအလုပ်ရုံပိုင်ရှင်သည် ဘုရင်၏ ဘက်တော်သား အလိုတော်ရိတစ်ဦး ဖြစ်၏။ ၎င်း၏အလုပ်ရုံကို အလုပ်

mgyoe.com

mgyoe.com


သမားများ သပိတ်မှောက်သည့်အခါ အစိုးရ စစ်တပ်များသည် အလုပ်သမားများကို နိုင်နင်းစွာ နှိပ်ကွပ်လေသည်။ ပဲရစ်မြို့ အလုပ်သမားများသည် လန်ဒန်မြို့တွင် တည်ထောင်ထားသော လူမျိုးမရွေး အလုပ်သမားအသင်းချုပ်ကြီး၏ ဩဝါဒကို တစ်သဝေမတိမ်း လိုက်နာကြသည်။ သို့နှင့် ပဲရစ်မြို့တွင် ဆူပူလှုပ်ရှားသော အလုပ်သမားတို့အား လက်စားချေရန် အစိုးရတို့က စီမံလေသည်။ ပဲရစ်မြို့ အလုပ်သမားအသင်းမှ အသင်းသား ၃၈ ယောက်ကို ကြောက်မက်ဖွယ်ကောင်းသော လျှို့ဝှက်အသင်းတည်ထောင်သည်ဆို၍ တရားစွဲဆိုခဲ့၏။ သို့တရားစွဲဆိုခြင်းကို ပြည်သူပြည်သားအများတို့က မနှစ်မြို့ကြချေ။ တရားစွဲဆိုခြင်းခံရသည့် လူများအထဲတွင် ချာလိန်ဆိုသူ တစ်ယောက်လည်း အပါအဝင် ဖြစ်လေသည်။ ၎င်းက "ကျွန်ုပ်တို့ ဆင်းရဲသား အလုပ်သမားများမှာ ယခုအခါ အလုပ်လက်မဲ့ ဖြစ်ရခြင်း၊ ကျပ်တည်းကျဉ်းမြောင်းစွာ နေထိုင်စားသောက်ရခြင်း၊ ရထိုက်သော အခကြေးငွေများကို အလုပ်ပိုင်ခနေရှင်တို့က အဆမတန်လျှော့ပေါ့၍ ပေးထားခြင်း၊ အလုပ်ကို မတရားသဖြင့် ပိုမိုစေခိုင်းခြင်း၊ ကျွန်ုပ်တို့က တရားသဖြင့် လိုအပ်သော အချက်များကို တောင်းဆိုလျှင် အစိုးရက စစ်တပ်များနှင့် အသုံးပြု၍ ဖိနှိပ်ခြင်း၊ စစ်တပ်များကို အသုံးမပြုသည့်အခါ၌လည်း အခြား တစ်နည်းတစ်လမ်းဖြင့် စော်ကားနှိပ်စက်ခြင်း စသော ဒုက္ခအပေါင်းနှင့် တွေ့နေရသည်"ဟု ရုံးတွင် ပြောပြလေသည်။ ၎င်းပြင် ကျွန်ုပ်တို့ ဆင်းရဲသား အလုပ်သမားများမှာ ကမ်းမမြင်လမ်းမမြင် မျှော်လင့်ချက်မရှိသော အလုပ်များကို ခနေရှင်များက မတရားစေခိုင်းခြင်းကြောင့် အလုပ်မလုပ်ဘဲ နေပြန်လျှင်လည်း စားစရာမရှိ၍ မနေနိုင်၊ သက်သာခွင့် တောင်းပြန်လျှင်လည်း အနည်းငယ်မျှသာ လိုက်လျောပေ၏။ နစ်နာချက်များကို အစိုးရထံ တိုင်ကြားပြန်လျှင်လည်း အမြဲ စစ်တပ်နှင့် နှိမ်နင်းခြင်းခံရ၏။ ကျွန်ုပ်တို့ကို သူပုန်များ၊ ဓားပြများ

mgyoe.com

mgyoe.com


ဟု ထင်မှတ်နေသော်လည်း ဤသူပုန်များ၊ ဓားပြများကပင် မိမိတို့ မတတ်သော အထက်တန်း ပညာရပ်များအတွက် အခွန်ဘဏ္ဍာများ ပေးဆပ်နေရ၏။ မိမိတို့မှာ ဝတ်ရပြန်လည်း အစုတ်အနုပ်၊ စားရပြန်လည်း တစ်လုတ်တစ်ဆုပ်၊ အိပ်ရပြန်လည်း တစ်ငုတ်တုတ်တုတ် ဆိုသော စကားကဲ့သို့ စားရာတွင်လည်း လူချင်းမတူ၊ ဝတ်ရာတွင်လည်း လူချင်းမမျှ၊ နေထိုင်ရာတွင်လည်း ညစ်ပတ်ပေရေ၊ လေအလင်းရောင် မရှိသော အဆောက်အအုံတို့တွင် နေထိုင်ရ၏။ ဤကဲ့သို့ ဆင်းရဲဒုက္ခအပေါင်း ခံရုံလျက်နေရသည့်အထဲကပင် အစိုးရကို အခွန်ဆက်ကြရသေး၏။

"ကျွန်ုပ်တို့ပြောလိုသည်မှာ ကျွန်ုပ်တို့၏ သွေးကိုစုပ်ယူပြီး သုခချမ်းသာကို ခံစားနေသော ဓနရှင်တို့၏ အသက်နှင့်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် မည်သူများက အခွန်ပေးနေပါသနည်း။ ကျွန်ုပ်တို့သည် အချင်းချင်း ပေါင်းသင်းဆက်ဆံခြင်းကို လေ့ကျင့်လိုက်စားကြ၏။ ထိုအပြုအမူကို တားဆီးပိတ်ပင်သဖြင့် အသင်အစိုးရတို့မှာ အဘယ်အကျိုးများ ဖြစ်ထွန်းပါအံ့နည်း။ အသင်တို့ ဤကဲ့သို့ ပြုလုပ်သဖြင့် အခြေအနေမှာ ပိုမိုဆိုးရွားလာလိမ့်မည် မဟုတ်ပါလော။ လူအများတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အစစ်ကို အလိုရှိကြ၏။ အဆမတန် ငွေတိုးချေးခြင်း၊ တစ်ဦးတည်းပိုင် ခြံ၍ ရောင်းဝယ်ခြင်း၊ ဝေပုံခွဲ၍ အခကြေးငွေ ပေးခြင်း၊ လက်ရှိ စစ်တပ်များထားခြင်း စသော ကိစ္စများကို ပပျောက်အောင် ဖျက်သိမ်းခြင်းနှင့် အများနှင့်ဆိုင်သော ပညာရပ်များကို သင်ပေးခြင်း။ တိုင်းသူပြည်သားတို့အား ဆူကြံနိမ့်မြင့်မရွေး၊ တစ်ပြေးတည်း အုပ်ချုပ်ခြင်းတည်း ဟူသော ပြောင်းလဲရေးတို့ကို အလိုရှိကြ၏။ ကျွန်ုပ်တို့သည် အသင်းချုပ်ကြီး၏ စည်းမျဉ်းဝါဒကို အဘယ်အခါမဆို လိုက်နာလေးစားကြလိမ့်

mgyoe.com

mgyoe.com


မည်။ အသင်တို့က ကျွန်ုပ်တို့ကို အပြစ်ပေးပါမူ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နှင့် ဇာတိမာန်ကို သာ၍ အောင်မြင်ထက်သန်စေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ လိုလားချက်များသည် မှန်ကန်၍ တရားနည်းလမ်းကျသော တောင်းဆိုချက်များ ဖြစ်၏။ ကျွန်ုပ်တို့သည် အဘယ်အခါမှ ရှုံးနိမ့်လိမ့်မည်မဟုတ်၊ ကျွန်ုပ်တို့၏ ဝါဒသည် အချင်းချင်း သင့်တင့်စွာ ပေါင်းသင်းဆက်ဆံ၍ အများပြည်သူတို့နှင့် ဆိုင်သော ဘုံဝါဒသမ္မတ အုပ်ချုပ်ရေး ဖြစ်လေသည်" စသည်ဖြင့်လည်း ပြောပြလေသည်။

တရားစွဲဆိုခြင်းခံရသော အလုပ်သမား အသင်းသားများကို အစိုးရတို့က ကြီးလေးသော အပြစ်ဒဏ်များ ပေးလေ၏။ ရုံးတွင် ချာလိန်၏ ပြောဆိုချက်တို့မှာ အမှန်ဖြစ်သော်လည်း စင်စစ်မှာ အစိုးရ ပြုလုပ်သမျှ အပြစ်တို့သည် တိုင်းသူပြည်သားတို့၏ အပြစ်ပင်တည်း။ အကြောင်းမူကား တိုင်းသူပြည်သားတို့မှာ မင်းတိုင်ပင်မင်းအမတ် ရွေးကောက်ပွဲ၌ တကယ် တိုင်းပြည်၏အကျိုးကို သယ်ပိုးရွက်ဆောင်မည့် အမတ်လောင်း၊ မကြောက်မရွံ့ ဆင်းရဲသားများ၏အကျိုးကို ကာကွယ်စောင့်ရှောက်မည့် အမတ်လောင်း၊ တိုင်းပြည်ကောင်းစားရန် တကယ် ရွှပ်ရွှပ်ချွံချွံ ပြောဆိုမည့် ပညာလည်းရှိ၊ သတ္တိလည်းရှိသည့် အမတ်လောင်းများကို မရွေးချယ်၊ အလှည့်ဖြားခံရ၍ ဖြစ်စေ၊ တံစိုးလက်ဆောင်စားရ၍ ဖြစ်စေ၊ တိုင်းပြည်ကို ညာစားမည့် လူညာလူဝါများကိုသာ မဲဆန္ဒပေး၍ အမတ်တင်မြှောက်လိုက်သဖြင့် ဆင်းရဲသားတို့မှာ များစွာ နစ်နာဆုံးရှုံးကြောင်း ထင်ရှားလေသည်။ ဥပမာ ကျီးကန်း သူကောင်းမြှောက် ချေးခြောက်ကောက်စား ဆိုသည်နှင့် တူ၏။

တိုင်းပြည်တွင် ဤကဲ့သို့ ဖြစ်ပျက်ခဲ့ပြီးနောက် ဘုရင်သည် စွန့်စားသောအနေမျိုးဖြင့် ဇူလိုင်လ ၁၅ ရက်နေ့တွင် ဂျာမနီနှင့် စစ်ဖြစ်မည့်အကြောင်း ကြေညာတော့၏။ ပဲရစ်မြို့ အလုပ်သမားများကလည်း

mgyoe.com

mgyoe.com


နယ်ချဲ့ရန် သို့မဟုတ် ထိးနန်းလုရန် စစ်ဘက်ပြိုင်ခြင်းသည် အချည်းနှီး ဖြစ်၍ အပြစ်ထိုက်သည်ဟု ယူဆကြောင်းနှင့် ကြေညာပြန်လေသည်။ ထိုကြေညာချက်ကို ဘာလင်မြို့ အလုပ်သမားအဖွဲ့က ထောက်ခံ၏။ လန်ဒန်မြို့ လူမျိုးမရွေး အလုပ်သမား အဖွဲ့ချုပ်ကြီး၏ လက်အောက်ခံ အခြား တိုင်းပြည်များ၌ရှိသော အလုပ်သမား အဖွဲ့တို့ကလည်း ထိုနည်း တူ စိတ်ရောကိုယ်ပါ ထောက်ခံကြေညာကြ၏။ ပြင်သစ် အလုပ်သမား များကို ညီရင်းအစ်ကိုကဲ့သို့ ခင်မင်ကြောင်း ပြောဆိုကြ၏။ အတိုင်းတိုင်း အပြည်ပြည်ရှိ အလုပ်သမားတို့က "တစ်ကမ္ဘာလုံးရှိ အလုပ်သမား အပေါင်းတို့ သွေးစည်းကြလော့။ နေရာအရပ်တိုင်း၌ရှိသော အလုပ်သမား များကို ကျွန်ုပ်တို့၏ မိတ်ဆွေများဟု ထင်မှတ်ကြလော့။ အသက်ဦးဆံ ပိုင်သော အာဏာရှင်များကို ကျွန်ုပ်တို့၏ ရန်သူဟု မှတ်ယူကြလော့" စသော လှုံ့ဆော်သံများကို တညီတညွတ်တည်း ဟစ်အော်ကြလေသည်။

"ကားလ်မတ်သည် လန်ဒန်မြို့အလုပ်သမား အဖွဲ့တွင် ဇူလိုင် လ ၂၇ ရက်နေ့၌ အောက်ပါအတိုင်း ဟောပြောလေသည်။ "ပြင်သစ် အစိုးရနှင့် ဂျာမန်အစိုးရတို့သည် စစ်ဘက်ပြိုင်ကြသော်လည်း ထိုနိုင်ငံ များ၌ရှိသော အလုပ်သမားများမှာ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် စိတ် ကောင်း မွေးမြူရေးကိုသာ တစ်ဦးနှင့်တစ်ဦး စကားကမ်းလှမ်း အပြန် အလှန် ပြောဆိုရေးသားကြ၏။ ဤအခြင်းအရာကို ထောက်လျှင် နောင် ကို ကောင်းစားဖို့ရန် လမ်းဖွင့်ပေးသည်နှင့် တူ၏။ ဘယ်နေရာ၊ ဘယ် အရပ်၊ ဘယ်တိုင်းပြည်မှာမဆို အလုပ်သမားများသည် စည်းလုံးညီညွတ် ဖို့ လိုလေသည်။ သို့မှသာလျှင် မဲပေးသူကလည်း အလုပ်သမား၊ ဥပဒေ ပြုအဖွဲ့ဝင် အမတ်များကလည်း အလုပ်သမား၊ ဝန်ကြီးချုပ်များကလည်း အလုပ်သမားဖြစ်၍ ငြိမ်းချမ်းရေးသည် အမြဲ တည်နေလိမ့်မည် ဖြစ်လေ သည်။"

mgyoe.com

mgyoe.com


ပြင်သစ်ပြည်၌ ဂျာမနီပြည်နှင့် စစ်တိုက်ရန်ကို သဘောမတူကြချေ။ အချို့ သမ္မတဂိုဏ်းဝင် အမတ်များကလည်း စစ်အတွက် ငွေချေးဖို့ အဆိုကို မဲခွဲရန် တညီတညွတ်တည်း ငြင်းဆိုကြသည်။ သိုင်းရားဆိုသူ အသက် ၇၀ ကျော် အမတ်တစ်ဦးကပင် စစ်ဖြစ်ရန် အဆိုကို ကန့်ကွက်၏။ ၎င်းက အကြောင်းပြသည်မှာ ပြင်သစ်ပြည်သည် စစ်တိုက်ရန် အချိန်အခါကို စောင့်ရန် လိုသည်။ အခြား တိုင်းပြည်များ၏ ထင်မြင်ချက်ကို သိရှိရန်လို၏။ ဂျာမနီက မတရား တောင်းဆိုလာသော အခါ အခြား တိုင်းပြည်များကပါ မခံမရပ်ဖြစ်လာလျှင် ကျွန်ုပ်တို့၏ ပြည်ကို အကူအညီပေးရမည်မှာ မလွဲတည်း။ အမတ်ကြီး၏ ပြောဆိုချက်မှာ အမှန် ဖြစ်၏။ ပြင်သစ် စစ်တပ်သည်လည်း ဘာမျှ တင်ကူး၍ ပြင်ဆင်ထားခြင်း မရှိသေးချေ။ စစ်ဗိုလ်များသည်လည်း တရားရုံးများတွင် ကြာရှည်စွာ အမှုထမ်းနေရသဖြင့် စစ်ရေးစစ်ရာ၌ လစ်ဟင်း၍ နေလေသည်။ တချို့ စစ်ဗိုလ်များမှာ ပြင်သစ်ပိုင် လက်အောက်ခံ နိုင်ငံများသို့ သွားရောက်နေရသောကြောင့်သာ၍ပင် ဆိုးရွားနေချေဦးမည်။

ပြင်သစ်ပြည်၌ ခေတ်ဆန်သော စစ်နှင့်ဆိုင်သည့် စစ်မက်ကိရိယာများ မရှိသေးချေ။ ရှေးဆန်သော အမြောက်သေနတ်တို့သာ ရှိ၏။ စစ်သားများနှင့် ခဲယမ်းမီးကျောက် အစားအစာများကို ရှေးကျသော နည်းများနှင့်သာ ပို့ဆောင်နိုင်၏။ ဂျာမနီပြည်နှင့် နှိုင်းစာလျှင် များစွာ အောက်တန်းကျနေသေး၏။ စစ်အတွက်လိုသော လက်နက်များ လုပ်ကိုင်ရန် လုပ်ငန်းများကို အကြီးအကျယ် အမြတ်အစွန်း ပေး၍ ကန်ထရိုက် အလုပ်ခိုင်းရသည်။ ကရူဆော့သံမဏိ အလုပ်ရုံ တစ်ခုတည်းတွင်သာ လက်နက်များကို တွင်ကျယ်စွာ လုပ်ပေးသည့်အတွက် ပြင်သစ် သုံးဒင်္ဂါးပေါင်း ၁၀ သန်းမျှ ပေးရ၏။ ပြင်သစ်စစ်တပ်များမှာ အင်ပါယာကြီးကဲ့သို့ အနှစ်မရှိ အကာသာရှိ၍ ပျက်ပြားနေလေ၏။

mgyoe.com

mgyoe.com


စစ်ဖြစ်တော့မည် ဆိုကတည်းက ပဲရစ်မြို့တစ်မြို့လုံးမှာ နားစွင့်၍ နေလေ၏။ ဖလော်ရင်းဆိုသူ၏ အမှုကိုပင် မည်သူမျှ ဂရုမပြုကြချေ။ အဆိုပါ အမှု၌ အချို့ကို ထောင်ဒဏ်အနှစ် ၂၀ အပြစ်ပေးလေ၏။ အချို့ကို သက်သေမထင်ရှား၍ လွတ်ပစ်လိုက်လေသည်။

နပိုလျံဘုရင် နန်းတက်သည်ကစ၍ နိုင်ငံရေးသမားများသည် အငြိမ်မနေဘဲ လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။ ခေါင်းဆောင်တို့သည် မိမိတို့၏ နောက်လိုက်ငယ်သားများနှင့် ဟိုတယ်ဆိုင်၊ လက်ဖက်ရည်ဆိုင်တို့၌ ဆွေးနွေးလျက် ရှိကြလေသည်။ ဘုရင်အုပ်ချုပ်ခြင်းကို မလိုလားမနှစ်သက်ကြချေ။ ပုန်ကန်ထကြွခြင်းကို လိုလားလျက်၊ အမြဲ ကြံစည်ခြင်း ပြုကြ၏။ သို့သော် ယခုအခါ၌ကား နိုင်ငံရေး ရပ်ကွက်များ၌ စစ်ရိပ်စစ်ငွေ့များကြောင့် နိုင်ငံရေး အလုပ်ကို ရပ်ဆိုင်းထားကြရလေသည်။ ရန်သူဖြစ်သော ဂျာမန်တို့ကို နိုင်နင်းစွာ ခုခံတိုက်ခိုက်ရန် စိတ်ညွတ်လာကြ၏။ ထိုစဉ်အခါက ပဲရစ်မြို့ အရှေ့ဘက်နယ်ခြားတွင် ဘယ်ကဲ့သို့ ဆိုးရွားနေသည်ကို မည်သူမျှမသိကြချေ။ စစ်ဘက်ဆိုင်ရာ ဝန်ကြီးပလိကာအိုဆိုသူသည် မြို့တွင်းသို့ သတင်းမှန်များကို မပို့ဘဲ ရှိခဲ့၏။ သတင်းမှန်များကို ပို့လျှင်လည်း အတွင်းသူပုန်ထမည် ဖြစ်လေ၏။ သို့ဖြစ်ခြင်းကြောင့် ပဲရစ်မြို့တော်တွင် မမှန်သော သတင်းစကားများကိုသာ ကြားသိကြရလေသည်။

ဩဂုတ်လ ၆ ရက်နေ့၌ ပြင်သစ်စစ်သားများသည် အကြီးအကျယ် အောင်မြင်သည် ဟူသော သတင်းတစ်ခု ပြန့်ပွားလာလေရာ အတိုင်းမသိ ပျော်ရွှင်ကြ၏။ သို့သော် နောက်တစ်နေ့ နံနက်တွင်ကား မက်ကမဟွန်ဆိုသူ စစ်ဗိုလ်ချုပ်ကြီး၏ တပ်မတော်မှာ ရိုတ်ချီဖန်ခေါ် အရပ်တွင် ရှေ့သို့ မတက်နိုင်အောင် ရန်သူတပ်က ပိတ်ပင်ထားကြောင်း၊ ဖော်ဘတ်ခေါ် အရပ်၌ များစွာ ဆုံးရှုံးအရေးနိမ့်ကြောင်း သတင်းသည်

mgyoe.com

mgyoe.com


ရုတ်တရက် ပုံ့နှံ့သွားလေသည်။ ထိုသတင်းကို မြို့သူမြို့သားတို့ သိကြသော အခါ ခဏချင်းတွင် မြို့ဆူပူလှုပ်ရှားလာတော့၏။ ဩဂုတ်လ ၉ ရက်နေ့ တွင် ဝန်ကြီးချုပ်အဖွဲ့သည် ရာထူးမှ နုတ်ထွက်ကြလေသည်။ အင်ပါယာ ကြီး တည်တံ့ခိုင်မြဲရေးအတွက် နောက် အစိုးရအဖွဲ့သစ် ဖွဲ့စည်း၍ အုပ်ချုပ် ရန် လိုလေသည်။ သိုင်းရာဆိုသူ အမတ်သည် စိတ်လေးလေးနှင့် ဝန်ကြီး အဖွဲ့ကို ဖွဲ့စည်းလေသည်။ အင်ပါယာကြီးလည်း ကျဆုံးတော့မည်ဟု ထင်ကြ၏။ နောက်တစ်နေ့၌ ဆော်ဒိုမြို့တွင် သတင်းတစ်ခု ဖြစ်ပွားသည် မှာ ဘုရင်လည်း ထီးနန်းကို စွန့်ခွာသွားပြီဟု ဆိုလေသည်။

ဩဂုတ်လ ၁၉ ရက်နေ့၌ ဘလင်ကီနှင့် နောက်လိုက်တို့သည် ရန်းရင်းဆန်ခတ် ပြုလုပ်ကြပြီးလျှင် လက်နက်တိုက်သို့ ချီတက်လျက် လုယူသိမ်းပိုက်ရန် ကြံစည်ကြ၏။ အစောင့်အကြပ်များနှင့် အနည်းငယ် ထွေးလုံးသတ်ပုတ်ကြပြီးနောက် ထွက်သွားကြသည်။ ပုန်ကန်ထကြွရန် စိတ်အားထက်သန်နေသော အလုပ်သမားများနေရာ အရပ်တွင် စီတန်း လှည့်လည်ကြပြန်သည်။ မည်သူမျှ ၎င်းတို့ကို အနှောင့်အယှက်မပြုကြ ချေ။ ၎င်းတို့က သမ္မတအုပ်စိုးခြင်း တည်မြဲပါစေ။ ဂျာမန်တို့ သေပါစေ ဟု အော်ဟစ်၍သွားကြရာ အရပ်ထဲက အလုပ်သမားများလည်း မည်သူ မျှ တုံ့ပြန်အော်ဟစ်ခြင်း မပြုလုပ်ကြချေ။ ပုလိပ်တို့သည် လက်နက်ကိုင် သူတို့ လွန်သွားသည့်တိုင်အောင် စောင့်ဆိုင်းပြီးလျှင် ကြည့်နေသော လူထုကြီးကိုသာ တိုက်ခိုက်၍ လူစုခွဲလေသည်။ သို့နှင့် ဘလင်ကီ၏ စီမံချက်မှာ အချည်းနှီးသာ ဖြစ်သွားတော့၏။ ပဲရစ်မြို့မှ လူများက အစိုးရကိုပုန်ကန်ရန် စိတ်မကူးကြသေးချေ။ ၎င်းကိုယ်တိုင်ကပင် ပုန်ကန် ရန် အချိန်မရောက်သေးကြောင်း ဝန်ခံလေသည်။ လွန်ခဲ့သော ဩဂုတ်လ ၇ ရက်၊ တနင်္ဂနွေနေ့က ပဲရစ်မြို့၌ ပြင်သစ် စစ်တပ်များ အရေးနိမ့်သည် ဆိုသော သတင်းကြောင့် မြို့တွင်းဆူပူနေသည့်အတွင်း ပုန်ကန်ထကြွရန်

mgyoe.com

mgyoe.com


ထိထိရောက်ရောက် ကြိုးစားခဲ့ခြင်းအတွက် ဘလင်ကီနှင့် အခြား ၆ ယောက်တို့ကို ကွပ်မျက်ရန် အစိုးရက အမိန့်ချမှတ်လေ၏။ သို့သော် ဘလင်ကီနှင့် အခြား ၆ ယောက်တို့မှာ ၎င်းတို့၏ မိတ်ဆွေများထံသို့ မိမိတို့မှာ မျိုးချစ်စိတ်ကြောင့် မှားယွင်းကြကြောင်း ဝင်ရောက် ပြောဆိုကြလေ၏။ သို့နှင့် အသက်ဘေးမှ ချမ်းသာရန် ထိုမိတ်ဆွေများကပင် ကယ်ဆယ်လိုက်သဖြင့် အသက်ဘေးမှ ချမ်းသာကြလေသည်။

သြဂုတ်လကုန်ခါနီးတွင် ဘုရင်၏စစ်တပ်နှင့် စစ်ဗိုလ်ကြီး မက်မဟွန်၏ စစ်တပ်တို့သည် ဘာဇိန်ခေါ်အရပ်တွင် ပေါင်းစည်းရန် ကြိုးစားကြရာ မအောင်မြင်ဘဲ စက်တင်ဘာလ ၂ ရက်နေ့ ညနေမှာ ပြင်သစ်စစ်တပ် ရှုံးနိမ့်သွားကြောင်း အစိုးရအဖွဲ့က သိလေသည်။ ၃ ရက်နေ့ ညနေအချိန် ပြင်သစ်ပြည် ပါလီမန်အဖွဲ့ အစည်းအဝေးတွင် စစ်ဘက်ဆိုင်ရာ ဝန်ကြီး ပလိကာအိုက အောက်ပါအတိုင်း ကြေညာလေသည်။ "စစ်တပ်နှစ်တပ် ပူးပေါင်းရန် အကြံအစည်မှာ ကြိုးစားသော်လည်း မအောင်မြင်ကြောင်း မက်မဟွန်၏ တပ်ကို ရန်သူ့လက်သို့ လက်နက်ချ၍ အပ်လိုက်ရပြီ ဖြစ်ကြောင်း၊ စစ်ဗိုလ်ကြီး ကိုယ်တိုင်ပင် ဒဏ်ရာရရှိသည်။ သေမည်ရှင်မည်ကို မပြောနိုင်သေးကြောင်း" ဖြင့် ဖွင့်ဟပြောဆိုလေသည်။ ထိုအခါ အတိုက်အခံဘက်မှ အမတ် တစ်ယောက်က ထ၍ ယခု ဘုရင် ဘယ်အရပ်မှာ ရှိပါသနည်း။ ဝန်ကြီးချုပ်အဖွဲ့က ဘုရင်နှင့် အဆက်အသွယ် လုပ်နေပါသေးသလားဟု မေးလေ၏။ စစ်ဘက်ဆိုင်ရာ ဝန်ကြီးက ယခုဘုရင် အဘယ်အရပ်မှာ ရှိသည်ကို မသိရပါ။ ဝန်ကြီးချုပ် အဖွဲ့နှင့်လည်း အဆက်အသွယ် မပြုလုပ်ပါဟု ဖြေဆိုလေသည်။

ဤသို့ စစ်ဘက်ဆိုင်ရာဝန်ကြီး၏ ဖြေဆိုခြင်းမှာ အမှန်လည်း ပါ၏။ အမှားလည်းပါ၏။ အကြောင်းမူကား လွန်ခဲ့သည့် နံနက်ကပင်

mgyoe.com

mgyoe.com


၎င်းသည် ဘုရင်ထံမှ အောက်ပါ သံကြိုးစာကို ရရှိထားပြီး ဖြစ်လေ၏။ "ကျွန်ုပ်တို့၏ စစ်သည်တော်သားများမှာ အရေးရှုံးနိမ့်ကြောင်း ရန်သူတို့ အဖမ်းခံရကြောင်း။ ကျွန်ုပ်ကိုယ်တိုင် သုံ့ပန်းအကျဉ်းသား ဖြစ်နေကြောင်း" ကို နပိုလျံဘုရင်၏ လက်မှတ်နှင့် ပေးပို့လိုက်ခြင်း ဖြစ်၏။

စက်တင်ဘာလ ၄ ရက်နေ့နံနက် ၁ နာရီမထိုးမီ မိနစ် ၂၀ အလိုတွင် ၁၈ နှစ်တိုင်တိုင် အုပ်ချုပ်ခဲ့သော နပိုလျံဘုရင်၏ အုပ်ချုပ်ရေး အပြီးတိုင် ရောက်လေသည်။

ထို့နောက် ဝန်ကြီးချုပ်အဖွဲ့က အောက်ပါ ကြေညာစာတမ်းကို မြို့တွင်း၌ ဆွဲကပ်ထားသည်ကို တွေ့ရှိရလေ၏။

## ပြင်သစ်လူမျိုးအပေါင်းတို့

၁။ ရန်သူတို့၏ စစ်သား ၃ သိန်းမျှရှိသော စစ်တပ်ကြီးကို မာရှယ်စစ်ဗိုလ်ချုပ်ကြီး မက်မဟွန်၏ စစ်တပ်နှင့် ၃ ရက်တိုင်တိုင် ရဲဝံ့စွာ တိုက်ခိုက်ရာ ကျွန်ုပ်တို့၏ လူ ၄ သောင်းမျှကို သုံ့ပန်းအဖြစ် ဖမ်းဆီးအကျဉ်းခံရ၏။

၂။ ဒဏ်ရာရရှိသွားသော စစ်ဗိုလ်ချုပ်ကြီး မက်မဟွန်၏ နေရာတွင် စစ်ဗိုလ်ကြီး ဝုင်ဖန့်ကို ခန့်ထားရလေသည်။ ယခုစစ်ကို စည်းကမ်းချက်ဖြင့် အရှုံးပေးလိုက်ရလေသည်။

၃။ ဤကဲ့သို့ အဟင်နှင့်အမြင် ကွာခြားရသော်လည်း ကျွန်ုပ်တို့ ရဲစွမ်းသတ္တိကို မလျှော့ပ်ရှားနိုင် ဖြစ်လေသည်။

၄။ ပဲရစ်မြို့တော်မှာ ယနေ့ အစပြု၍ ခုခံတိုက်ခိုက်ရမည့် အခြေသို့ ဆိုက်ရောက်နေချေပြီ။

၅။ နိုင်ငံတွင်း၌ စစ်သည်တော်များ နောက်ထပ် စုဆောင်းနေပါသည်။

၆။ ရက်များမကြာမီအတွင်း အသစ်ဖွဲ့စည်းသော စစ်တပ်ကို ပဲရစ်မြို့တွင်း၌ ထား၍ နောက်တစ်တပ်ကို စိန်မြစ်၏ ကမ်းခြေမှာ ထားပါမည်။

mgyoe.com

mgyoe.com


၇။ အသင်တို့၏ မျိုးချစ်စိတ်၊ အသင်တို့၏ အင်အား အသင်တို့၏ အစွမ်းဖြင့် အသင်တို့ အချင်းချင်း ပူးပေါင်း၍ ပြင်သစ်ပြည်ကို ရန်သူ့လက်သို့မပါစေရန် ကယ်ဆယ်ကြလော့။

၈။ ဘုရင်မှာ ရန်သူ့လက်တွင် သုံ့ပန်းအကျဉ်းသားအဖြစ် အဖမ်းခံနေရပြီ။

၉။ အစိုးရအဖွဲ့သည် ပြည်သူပြည်သားတို့၏အဖွဲ့နှင့် ပေါင်းစပ်၍ အရေးကြီး–ကြီးသလို တတ်နိုင်သမျှ ဆောင်ရွက်မည် ဖြစ်လေသည်။

ဝန်ကြီးချုပ်အဖွဲ့

❐

mgyoe.com

mgyoe.com

## အခန်း - ၂
## အမျိုးသားကာကွယ်ရေး အစိုးရအဖွဲ့

အင်ပါယာကြီး ကျဆုံးပြီးနောက် ကုန်သည်များ အလုပ်သမားများသည် မင်းတိုင်ပင်အမတ်များ၏ အစည်းအဝေးရုံးခန်းသို့ လူအစုအရုံးနှင့် သွားကြ၏။ သုံးရောင်ခြယ်အလံကို ကိုင်ဆောင်လျက် သမ္မတအုပ်ချုပ်ခြင်းကို အလိုရှိသည်ဟု တစ်ခဲနက်သော အသံဖြင့် အော်ဟစ်ကြ၏။ ထိုသူများအား မည်သူ တစ်ဦးတစ်ယောက်က မည်သည့် အနှောင့်အယှက်ကိုမျှ မပြုလုပ်ကြချေ။ ပုလိပ်က ဖမ်းဆီးခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်းများ တစ်စုံတစ်ရာမရှိဘဲ ထိုလူထုကြီးသည် နောက်ဆုံး၌ မင်းတိုင်ပင်အမတ်များ၏ အစည်းအဝေး ရုံးခန်းထဲသို့ ဝင်ကြ၏။ ထိုမှတစ်ဖန် ဟိုတယ်ရှိရာသို့ သွားကြပြီးလျှင် သမ္မတအစိုးရကို အလိုရှိသည်ဟု ကြေညာကြလေသည်။

နိုင်ငံရေး ခေါင်းဆောင်တို့သည် အမျိုးသား ကာကွယ်ရေး အစိုးရဟု အမည်ပေး၍ ခေတ္တအစိုးရ အဖွဲ့ကို ဖွဲ့စည်းကြ၏။ ၎င်းအစိုးရအဖွဲ့တွင် ရှော့ဖို့ဆိုသူ တစ်ယောက်ကလွဲ၍ သူပုန်စိတ်ရှိသူ တစ်ယောက်မျှ မပါချေ။ ထိုသူမှာ အထက်က အစိုးရအပေါ်တွင် အကြည်ညိုပျက်

mgyoe.com

mgyoe.com


အောင် တရားဟောမှုနှင့် ထောင်အကျဉ်းခံရဖူးသူ ဖြစ်လေသည်။ မကြာမီက အခြား နိုင်ငံရေးသမားများနှင့်အတူ လွတ်မြောက်လာသူ ဖြစ်၏။ ၎င်းသည် ယခု အစိုးရအဖွဲ့ ယာယီခံတပ် ကော်မတီတွင် ဥက္ကဋ္ဌလူကြီးအဖြစ် တင်မြှောက်ခြင်းကို ခံရလေသည်။ ၎င်း၏ အဖော်ဖြစ်သူ ဂျူးမေးဘားကိုမူ လွှတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် နိုင်ငံခြားဝန်ကြီးအဖြစ် ခန့်အပ်လိုက်၏။ အစိုးရ အုပ်ချုပ်ရေးဌာန အသီးသီးတို့၌ သင့်တော်သောသူများကို ခန့်ထားပြီး ဖြစ်လေသည်။ သိုင်းရာ ဆိုသူကမူ မတည်မြဲသော အစိုးရအဖွဲ့သစ်တွင် အမှုမထမ်းလိုပာ ငြင်းဆိုလေ၏။ ဤသို့ ငြင်းဆိုခြင်းကို နန်းကျ နပိုလျံဘုရင်၏ ဘက်တော်သားများ နှစ်မြို့ကြ၏။ ၎င်းသည် ဂျာမန်နှင့် စစ်မဖြစ်မီကပင် ကန့်ကွက်ခဲ့သောသူ ဖြစ်၏။ သို့သော် တိုင်းပြည်ကာကွယ်ရေးတွင်ကား ပူးပေါင်းဆောင်ရွက်သူ ဖြစ်လေသည်။ သမ္မတ အုပ်ချုပ်ရေးကို မနှစ်သက် တိုက်ဖျက်မည့်သူ ဟူ၍လည်း ရှေးထုံးရှေးနည်းကို နှစ်သက်သော ကွန်ဆာဗေးတစ် ဂိုဏ်းသားတို့က ပြောကြ၏။

အစိုးရအဖွဲ့သစ်သည် ပထမ ဖွဲ့စည်းစဉ်ကပင် စီမံအုပ်ချုပ်ခြင်း ညံ့ဖျင်းသဖြင့် ပုန်ကန်ထကြွရန် မျှော်လင့်တောင့်တနေသူများမှာ အောင်မြင်ရန် လမ်းစများကို တွေ့လာလေသည်။ သို့သော် ရန်သူများနှင့် စစ်ဖြစ်နေသည့်အတွင်း အတိုက်အခံဂိုဏ်းဝင် နိုင်ငံရေးသမားတို့မှာ နိုင်ငံရေးအလုပ်ကို ဘာမျှမလုပ်နိုင်ကြသေးချေ။ ဂျာမန်စစ်တပ်များလည်း ပဲရစ်မြို့တော်နှင့် တစ်နေ့တခြား နီးကပ်လာလေသည်။ အစီအမံ ညံ့ဖျင်းသော ပြင်သစ်စစ်တပ်တို့မှာ ရန်သူစစ်တပ်ကို နိုင်နင်းစွာ မခုခံနိုင်ကြချေ။ သို့သော် နိုင်ငံခြားဝန်ကြီးက "ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မြေ တစ်လက်မမျှ ရန်သူလက်သို့ အပ်မည်မဟုတ်"ဟု ပြော၏။ စစ်ဘက်ဆိုင်ရာ ဘုရင်ခံဖြစ်သူကလည်း "ခုခံခြင်းသည် သတ္တိရှိသော ရှုံးသွပ်ခြင်း ဖြစ်

mgyoe.com

mgyoe.com


သည်"ဟု ဆိုလေသေးသည်။ ဂျာမန်စစ်တပ်များသည် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပဲရစ်မြို့ကို ဝိုင်းဝန်း၍ ထားကြလေ၏။ မြို့ကို ရန်သူများ ဝိုင်းထားသောအချိန်တွင် ပဲရစ်မြို့သားတို့က ရဲရင့်ခြင်း၊ သတ္တိရှိခြင်းတို့ကို ပြကြလေ၏။ ဤအခါက ပဲရစ်မြို့၌ အဘယ်မျှ ဆားဒုက္ခဆိုးမျိုး တွေ့ကြုံရသည်ကို မပြောနိုင်လောက်အောင် ရှိတော့သည်။ မြို့တံခါးပိတ်၍ နေရသည်မှာ ၁၃၅ ရက်မျှ ကြာလေသည်။ အစာရေစာ ငတ်မွတ် ခေါင်းပါးသဖြင့် တိရစ္ဆာန်ရုံ၌ မွေးထားသော သားကောင်တို့ကို ဆင်ပါမကျန် သတ်ဖြတ်စားသောက်ရသည်။ မီးဆိုက်ရန် ထင်းမရှိသဖြင့် အလှထားသော အစိုးရပန်းခြံမှ သစ်ပင်ပန်းပင်တို့ကို ခုတ်လှဲ ထင်းဆိုက်ရခြင်း၊ ချမ်းသာကြွယ်ဝသူတို့မှာ အဖိုးထိုက်တန်စွာ အစားအစာများကို ဝယ်ယူ သုံးဆောင်စားသောက်နိုင်သော်လည်း ပိုက်ဆံကြေးငွေမရှိ၊ ဆင်းရဲသူ အလုပ်သမားတို့မှာ မစားရ၊ မသောက်ရ အငတ်ခံနေကြရသည်။ အစာရေစာငတ်မွတ်ခြင်းကြောင့် ထောင်ပေါင်းများစွာသော ဆင်းရဲသား အလုပ်သမားများ မြေပြင်တွင်လဲနေကြ၏။ ရန်သူ၏ဆားရန်ကို ကြောက်သဖြင့် ညဉ့်၌ မီးမထွန်းဝံ့ကြချေ။ ဤမျှလောက် ဆားဒုက္ခအမျိုးမျိုး ဆိုက်ရောက်နေငြားသော်လည်း မြို့သူမြို့သားများ၏ စိတ်သည် တည်တံ့ခိုင်မြဲလျက်ပင် ရှိလေသည်။

ပြင်သစ်စစ်ဘုရင်ခံကလည်း လက်မလျှော့ချေ။ တချို့သော သူများကလည်း လက်မလျှော့စတမ်း သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး ဟု ဟစ်အော်ကြွေးကြော်ကြ၏။ အမြောက်သံမစဲ၊ ဗုံးပေါက်ကွဲသံက တညည်နှင့်ပင် မြို့တွင်း၌ နေကြရ၏။ ဤမျှလောက် ဗရုတ်ဗရက်၊ တိုင်းပြည်ပျက်သကဲ့သို့ ရှိနေဆဲတွင် စစ်ဘုရင်ခံသည် ပြင်သစ်လူမျိုး ယောက်ျားမှန်သမျှ တစ်အိမ်တစ်ယောက် ထွက်၍ ရန်သူ၏ တိုက်ခိုက်ခြင်းကို ခုခံရမည်ဟု အမိန့်ထုတ်ပြန် ကြေညာလေသည်။ အမျိုးသားကာကွယ်ရေး စစ်တပ်တွင် သန်စွမ်းသော ယောက်ျားဟူသမျှကို ဝင်ရောက်

mgyoe.com

mgyoe.com


စစ်မှုထမ်းစေ၏။ အရပ်သား စစ်တပ်အဖွဲ့သည် နောင်ဖြစ်ပေါ်လာမည့် ပုန်ကန်ထကြွရေးတွင် များစွာ အထောက်အပံ့ရလိမ့်မည်ဟု နိုင်ငံရေး ခေါင်းဆောင် တစ်ဦးက ထုတ်ဖော်ပြောဆိုလေသည်။

အမျိုးသားကာကွယ်ရေး စစ်တပ်ကို ဒိစတြိတ် တစ်ခုတွင် တစ်တပ်ကျ ဖွဲ့စည်း၍ ဒိစတြိတ် စစ်တပ်ကို အုပ်ချုပ်ရသော စစ်ဗိုလ်များကို ပြည်ထဲရေးဝန်ကြီးက ခန့်ထားသည်။ စစ်ဗိုလ်ချုပ်ကြီး၏ လက်အောက်ခံများ ဖြစ်ကြလေသည်။ ဗဟိုတပ်မကြီးနှင့် ပုလိပ်အဖွဲ့ချုပ်ကြီးတို့၏ ညြဏာကို ဒိစကြိတ်စစ်တပ်များက လိုက်နာဆောင်ရွက်ရလေသည်။ သည်ဤစီမံချက်ကို အလုပ်သမား စစ်တပ်က မိမိတို့အား အပို ပုလိပ်အဖွဲ့ ခန့်ထားခြင်းသာ ဖြစ်သည်ဟု သက်မကင်းဖြစ်ကြ၏။ သို့နှင့် အများနှင့် သက်ဆိုင်သော ကိစ္စအရပ်ရပ်ကို ဆွေးနွေးတိုင်ပင်ရန် တပ်တစ်တပ်လျှင် ကိုယ်စားလှယ် ၄ ယောက်ကျ ရွေးချယ်၍ ကော်မတီ ဖွဲ့စည်းကြလေသည်။ ဒိစတြိတ်နယ်ပေါင်း ၂၀ အတွက် ကော်မတီအဖွဲ့ ၂၀ ကို အုပ်ချုပ်ရန် ဗဟိုကော်မတီအဖွဲ့ ဖွဲ့စည်းရပြန်လေသည်။

ဤဗဟိုကော်မတီသည် နိုင်ငံရေးကို များစွာ အလေးပြု၍ ဆောင်ရွက်လေ၏။ ဒိစတြိတ်ကော်မတီများမှာ အများပြည်သူပြည်သားတို့၏ အခွင့်အရေးရရန်နှင့် စစ်ရေးစစ်ရာ လေ့လာခြင်းကို စောင့်ရှောက်ကြည့်ရှုရန် ဖြစ်၏။ စက်တင်ဘာလ ၁၄ ရက်နေ့တွင် မိမိတို့ လုပ်ကိုင်ရန် ဖြစ်သော အောက်ပါ ရည်ရွယ်ချက်များကို ဗဟိုကော်မတီက ကြေညာသည်။ နိုင်ငံလုံခြုံရန် စောင့်ရှောက်ရမည်။ သမ္မတအုပ်ချုပ်ခြင်း၏ အခြေဖြစ်စေရန် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရမည်။ လက်ရှိ ပုလိပ်အဖွဲ့နှင့် တရားသူကြီးများကို ဖြုတ်ချ၍ ၎င်းတို့အစား နယ်အသီးသီးမှ ရွေးကောက် တင်မြှောက်သော ကော်မတီ လူကြီးများနှင့် အမျိုးသားကာကွယ်ရေးတပ်မှ ရွေးချယ်အပ်သော လူကြီးများကိုသာ ခန့်ထားရ

mgyoe.com

mgyoe.com


မည်။ လူအများဘို့ စားသောက်ရန် အစားအစာများကို စာချုပ်ချုပ်၍ ဝယ်ယူပြီးလျှင် တင်သော ကြေးကို ဂျာမန်တို့နှင့် စစ်ပြေငြိမ်းသည့်အခါ ပေးဆပ်ရမည်။ လူအများတို့အတွက် နေရေးထိုင်ရေးကို စီမံပေးရမည်။ လမ်းတိုင်း အရပ်တိုင်း၌ ကော်မတီများ ဖွဲ့စည်းရမည် စသော အချက်တို့ကို ဗဟိုကော်မတီလူကြီး ၄၇ ယောက် လက်မှတ်ရေးထိုး၍ အစိုးရ အဖွဲ့သစ်အား တောင်းဆို ကြေညာလိုက်၏။ ထိုတောင်းဆိုကြေညာ ချက်ကို အစိုးရအဖွဲ့သစ်က ဂရုမပြုချေ။ ဤသို့ လက်မှတ်ရေးထိုး တောင်းဆိုကြေညာသော လူကြီး ၄၇ ယောက်အနက် ၁၅ ယောက်မှာ အရေးတော်ပုံ ဖြစ်သောအခါ ပါဝင်ကြလေသည်။

အရပ်သား စစ်တပ်များမှာ များစွာ စိတ်လက်ပါပါနှင့် အမှုတော်ကို ထမ်းဆောင်ကြ၏။ သို့သော် စစ်ရေးစစ်ရာ၌ ကောင်းစွာ ကျွမ်းကျင်ခြင်း မရှိချေ။ ဤသို့ မကျွမ်းကျင်ခြင်းကိုလည်း ၎င်းတို့၏ အပြစ်ဟု မဆိုသာ။ အစိုးရက အလုပ်သမားများသည် မိမိတို့၏အပေါ်၌ မူလကပင် အယုံအကြည် ကင်းမဲ့ကြောင်း သိပြီး ဖြစ်၏။ သို့နှင့် အရပ်သား စစ်တပ်များကို စစ်အတတ် ကောင်းစွာ တတ်မြောက်အောင် သင်မပေး ချေ။ ကောင်းစွာ တတ်မြောက်အောင် သင်ပေးလျှင် မိမိတို့ကို ပြန်၍ ရန်မူမည် စိုးသောကြောင့် ဖြစ်လေသည်။ ဤအစိုးရ အဖွဲ့သစ်သည် စုတ်ပဲ့နုံချာသော အစိုးရအဖွဲ့ဖြစ်၍ ဤသို့ ဆိုးသွမ်းသော အပြုအမူကို ပြုကျင့်၏။ ဆင်းရဲသားအလုပ်သမား စစ်တပ်များကို ထိုကဲ့သို့ ပစ်ပယ် ထားသဖြင့်လည်း ထိုသူများက အစိုးရအပေါ်တွင် ပိုမို၍ ရန်လိုမုန်းတီး ကြသည်။

ပဲရစ်မြို့သားမှန်သမျှမှာ စစ်ထဲတွင် ဝင်ရောက် အမှုထမ်းကြရ လေ၏။ စစ်ဖြစ်နေသည့်အတွင်း အလုပ်အကိုင် ဟူသရွေ့မှာ ရပ်စဲထား ရ၏။ အလုပ်လက်မဲ့များလည်း တစ်နေ့တခြား တိုးပွားလာတော့၏။

mgyoe.com

mgyoe.com


စစ်မဖြစ်မီက တောမှ မြို့သို့ ပြောင်းရွှေ့လာရောက် နေထိုင်သူတို့ကြောင့် ဤသို့ အလုပ်လက်မဲ့များ ပိုမိုလာလေသည်။ သေနတ်ကိုင် ယောက်ျား တစ်ယောက်လျှင် တစ်နေ့အတွက် အင်္ဂလိပ်သုံးငွေ ၁ သျှီလင် ၃ ပဲနိ ရ၏။ စစ်သည်တော်များမှာ ၉ သောင်းမှ ၃ သိန်းအထိ စုဆောင်းမိလေ၏။ စုဆောင်းမိခြင်းမှာလည်း အထက်ပါ ရိက္ခာတော်ကြောင့် အရပ်သား များ စစ်ထဲသို့ ဝင်ရောက် အမှုထမ်းခြင်း မဟုတ်ချေ။ အစိုးရက မဝင် မနေရဟု ကြေညာခြင်းကြောင့် ဝင်ကြရလေသည်။

ပဲရစ်မြို့တော်၌ ဖွဲ့စည်းသော အရပ်သား စစ်သည်တော်များ သည် အစိုးရအပေါ်တွင် အယုံအကြည် ကင်းမဲ့ကြောင်းကို နယ်ပယ်များ တွင် သတင်းပေးကြသည်။ နယ်ပယ်မှတပ်များသည် အင်ပါယာကြီးနှင့် အစိုးရအဖွဲ့သစ်၏ သစ္စာတော်ကို စောင့်သိကြလေသည်။ သို့နှင့် ပဲရစ် မြို့ရှိ အမျိုးသားကာကွယ်ရေး စစ်တပ်များ နယ်ပယ်သို့ မပို့စေရန် နယ်ပယ်မှ ခေါင်းဆောင်တို့က ကန့်ကွက်လေ၏။ အင်ပါယာကြီးနှင့် အစိုးရအဖွဲ့သစ်၏ သစ္စာတော်ကို စောင့်သိရှိသေကြသော နယ်ပယ် စစ်တပ်များတွင် နိုင်ငံရေးနှင့် ပတ်သက်သော ဆူပူလှုပ်ရှားမှုများ မရှိချေ။ အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသာ ရှိလေသည်။

အလုပ်သမား တပ်များသည် အခြား တပ်များထက် အရေ အတွက် များပြားသောကြောင့် အစိုးရသည် ကြောက်ရွံ့ခြင်း ဖြစ်လာလေ ၏။ ခဲယမ်းမီးကျောက် စသည်တို့ကို လုပ်ရန် ခွင့်မပြုချေ။ သို့နှင့် ၎င်းတို့သည် အစိုးရအပေါ်၌ စိတ်အနာကြီးနာကြ၏။ မူလရှိသော ရိုင်ဖယ်သေနတ်ကိုသာ ကိုင်ကြရ၏။ စိတ်နာခြင်းသည် နောင်ဖြစ်မည့် အရေးတွင် များစွာ အရေးကြီးလေသည်။ အစိုးရထံသို့ လက်နက် ကောင်းများ ပေးရန် တပ်တစ်တပ်မှ စစ်သား ၂၀၀ တို့သည် လက်မှတ် ရေးထိုး၍ တောင်းဆိုကြ၏။ မိမိတို့ အသုံးပြုရသော မတ်စကက်

mgyoe.com

mgyoe.com


သေနတ်များမှာ လုံး၀ မကောင်း၍ အသုံးမပြုနိုင်ဟု ဆို၏။ ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ရလျှင် ရန်သူများကို မထိဘဲ ပစ်သူကိုသာ ပြန်၍ ထိမည် ဖြစ်ကြောင်း ပြောကြလေသည်။

ရေဘက်ဆိုင်ရာ စစ်သားများသည် စစ်သင်္ဘောပေါ်တွင် အသုံးပြုသော အမြောက်များအပြင် အများပြည်သူ အလုပ်သမားများ၏ ငွေစုဆောင်း၍ ၀ယ်ယူထားသော အမြောက်လက်နက်တို့နှင့် ခုခံကာကွယ်ရ၏။ ၎င်းအမြောက် လက်နက်တို့ကို မောင့်မာဘာခေါ် တောင်ကုန်းပေါ်ရှိ အမြောက်တပ်၌ ထားလေသည်။ ၎င်းလက်နက်များကို စောင့်ရှောက်ရေး ကော်မတီက စောင့်ရှောက်ရ၏။

ပဲရစ်မြို့၌ မြို့သူမြို့သားတို့၏ လုံ့လဥဿာဟကြောင့် အမျိုးသား အုပ်ချုပ်ရေးသည် အလိုအလျောက် တပေါင်းတစည်းတည်း ဖွဲ့ထားသော အဖွဲ့ကလေး တစ်ခုအဖြစ်သို့ ရောက်ရှိလာလေ၏။ အစိုးရ အဖွဲ့သစ်အပေါ်တွင် နယ်ကော်မတီတို့က အယုံအကြည် နည်းပါးလာပြန်၏။ ရပ်ရွာကိစ္စဟူသမျှကိုလည်း မိမိတို့၏ လက်တွင်း၌ထား၍ အုပ်ချုပ်ကြလေသည်။ မိမိတို့ လက်အောက်ခံ အခြား ကော်မတီများကိုလည်း ဖွဲ့စည်းစေ၏။ အပိုင်းဆိုင်ရာ ရပ်ကွက်တို့၌ ဖြစ်ပျက်သော ကိစ္စကြီးငယ် များကိုလည်း ခွဲခြားအုပ်ချုပ်စေ၏။ ပုန်ကန်ထကြွခြင်းများကိုလည်း နှိမ်နင်းခြင်း မပြုစေရန် မှာကြားထားလေသည်။ ပုန်ကန်ထကြွရန် လိုလားသော အတိုက်အခံ ခေါင်းဆောင်များသည် ဖွဲ့စည်းထားသော အမျိုးသားကာကွယ်ရေး စစ်တပ်၏ ရှေ့ဆောင်ဦးစီးများ ဖြစ်လာကြ၏။ အဘယ်ကြောင့် ဤကဲ့သို့ ဩဇာပေးနိုင်သော ရှေ့ဆောင်ဦးစီးများ ဖြစ်လာကြသနည်းဟူမူ ကာကွယ်ရေး စစ်တပ်များမှာ ဒေသန္တရဆိုင်ရာ အဖွဲ့များ ဖြစ်သဖြင့် ထိုအဖွဲ့များတွင် ခေါင်းဆောင်များသည် အတိုက်အခံ ဂိုဏ်းခေါင်းဆောင်များ၏ နောက်လိုက်ငယ်သားများ ဖြစ်ကြသော

mgyoe.com

mgyoe.com


ကြောင့်တည်း။ အရေးတော်ပုံဖြစ်စေရန် လှုံ့ဆော်ခြင်းသည် ထို ခေါင်းဆောင်တို့၏ ပယောဂ ဖြစ်ချေသည်။ ပဲခူးမြို့တော် တံခါးကို ပိတ်ထားရသည့် ရက်ပေါင်း ၁၃၅ ရက် အတွင်းမှာပင် အရေးတော်ပုံ ၏မျိုးစေ့သည် အမြစ်တွယ်သကဲ့သို့ ရှိလေ၏။

ပဲခူးမြို့တော်ရှိ ကြီးကျယ်သော အဆောက်အအုံ ခန်းမကြီး များသည် မြို့သူမြို့သားများအား အစားအစာပေးဝေခြင်း ဌာန၊ နေထိုင်ရန် စီမံပေးခြင်းဌာန၊ စစ်တပ်အဖွဲ့၊ ပုလိပ်အဖွဲ့များကို လစာရိက္ခာ တော် ထုတ်ပေးခြင်း ဌာနများ တည်ရာ ဖြစ်လေသည်။

အောက်တိုဘာလ ၃ ရက်နေ့တွင် အမျိုးသားကာကွယ်ရေး စစ်တပ်များမှ ကိုယ်စားလှယ်များသည် အောက်ပါ အစီအစဉ်ကို ရေးသား အတည်ပြုကြ၏။

၁။ ဒိစတြိတ်များကို အုပ်စုခွဲ၍ ကိုယ်ပိုင် အုပ်ချုပ်စေရန်။

၂။ ဒိစတြိတ်အသီးသီး၌ မြူနီစီပယ် ရွေးကောက်ပွဲများ ကျင်းပ စေရန်။

၃။ ဥက္ကဋ္ဌနှင့် မင်ဘာလူကြီးများကို ဆိုင်ရာ ဒိစတြိတ်များတွင် မိမိတို့ ကော်မတီ လူကြီးအချင်းချင်း ရွေးကောက်တင်မြှောက် စေရန်။

၄။ မင်ဘာလူကြီး ၂ ယောက်မှ ၄ ယောက်အထိ ဒိစတြိတ် ကော်မတီ လူကြီးများထဲမှ ရွေးချယ်၍ ဗဟိုအတိုင်ပင် အဖွဲ့ကြီး တစ်ခု ဖွဲ့စည်းစေရန်။

၅။ ၎င်းအဖွဲ့ကြီးသည် ပဲခူးမြို့တစ်မြို့လုံးကို အုပ်ချုပ်စေရန်။ စသော အစီအစဉ်များ ဖြစ်လေသည်။

ဤအစီအစဉ်များသည် အရေးတော်ပုံဖြစ်စေရန် မူလ အကြောင်း ရင်း ဖြစ်၏။ ထို့ကြောင့် ပြည်ထဲရေးဝန်ကြီးက မိမိ၏ အုပ်ချုပ်ရေး

mgyoe.com

mgyoe.com


တန်ခိုးအာဏာ သေးသိမ်သွားမည် ဖြစ်သောကြောင့် အထက်ပါ အစီအစဉ်ကို လက်မခံ အခွင့်မပြုချေ။

သူပုန်ခေါင်းဆောင်တို့၏ ငယ်သား နောက်လိုက်များသည် စောင့်ရှောက်ရေး ကော်မတီတွင်ရှိ မိမိတို့ အပေါင်းအဖော်များနှင့် ဆက်သွယ်လျက် ရှိလေ၏။ နယ်ပယ်ဆိုင်ရာ ကော်မတီများအပြင် နိုင်ငံရေး ကလပ်များလည်း ပေါ်ပေါက်လာပြန်၏။ ဤကလပ်များတွင် သူပုန်စိတ်ရှိသော ပုဂ္ဂိုလ်များသည် နိုင်ငံရေးတရားများ ဟောကြလေသည်။ မြို့တံခါး ပိတ်ထားရသည့် အချိန်အတွင်း၌ ထင်းနှင့် မီးအလင်းရောင်များ မရှိသောကြောင့် ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲ စသည်တို့မှာ ပိတ်ထားရ၏။ သို့နှင့် ပျော်ရွှင်မှုများမှာ လုံး၀ ပပျောက်နေတော့၏။ လူအများတို့သည် အခြားနေရာသို့ သွားစရာလည်းစရာ မရှိချေ။ ထိုနိုင်ငံရေးကလပ်သို့သာ သွားကြသည်။ ယောကျ်ား နိုင်ငံရေးသမားများသာ မဟုတ်၊ မိန်းမနိုင်ငံရေး လိုက်စားသူများလည်း တက်ရောက် ဟောပြောလေ့ ရှိ၏။

အစိုးရအဖွဲ့သစ်၏ အုပ်ချုပ်ရေးမှာ များစွာ စိတ်ပျက်ဖွယ်ကောင်းလေသည်။ တည်မြဲရန် ခဲယဉ်းချေ၏။ ဂန်ဘတ်တားဆိုသူကို စစ်တပ်များ အသစ်ဖွဲ့စည်းရန် နယ်သို့ စေလွှတ်ရပြန်၏။ ပဲရစ်မြို့တော်၌ကား နောက်ထပ် စစ်တပ်များ အသစ်ဖွဲ့စည်းရန် မဖြစ်နိုင်တော့ချေ။ မြို့သူမြို့သားများလည်း အစာရေစာငတ်မွတ်၍ မခုခံနိုင်သော အခြေသို့ ရောက်မှသာ မြို့ကို အသိမ်းခံရန် ဖြစ်၏။ နယ်၌ရှိသော အစိုးရစစ်တပ်များမှာ တစ်တပ်ပြီး တစ်တပ် ရန်သူ၏ သတ်ဖြတ်ခြင်းကို ခံနေရသည်။ စစ်တိုက်၍ နိုင်ရန် လမ်းစမမြင်တော့ချေ။ တချို့ နယ်ပယ်များကလည်း ဤကဲ့သို့ ခုခံတိုက်ခိုက်နေခြင်းကို ပြစ်တင်ပြောဆိုကြလေ၏။ ကောက်ပဲသီးနှံများလည်း ပျက်စီး၍ကုန်လေပြီ။ မြေယာများကိုလည်း ရန်သူများက သိမ်းပိုက်၍ယူချေသည်။ ဂျာမန်တို့၏ တောင်းဆိုချက်များကို လိုက်လျော

mgyoe.com

mgyoe.com


ပေးဖို့ရန်မှာလည်း များစွာ ခဲယဉ်းပေ၏။ နယ်သူနယ်သားတို့ကလည်း ငြိမ်းချမ်းရေးကိုသာ မျှော်လင့်လျက် နေကြလေသည်။ ၎င်းတို့၏ အကူအညီကို အစိုးရသစ်သည် မျှော်လင့်ချက် မရှိတော့ချေ။ အခြားတိုင်းပြည်များက ဝင်ရောက် ဖျန်ဖြေပေးခြင်းကိုလည်း အနည်းငယ်မျှ မမျှော်လင့်နိုင် ရှိစေလေ၏။ သို့နှင့် သိုင်းရားဆိုသူကို အင်္ဂလန်၊ ရုရှား၊ ဩစတေးရီးယားပြည်များသို့ အစိုးရအဖွဲ့သစ်က စေ့စပ်ပြောဆိုပေးရန် စေလွှတ်ရပြန်၏။ ထိုသူစီးသော မီးရထား ထွက်သွားပြီးလျှင်ပြီးချင်း တံတားကို အင်ဂျင်နီယာ တစ်ယောက်က ဗုံးနှင့် ဖျက်ဆီးလိုက်သဖြင့် ပဲရစ်မြို့သို့ဝင်ရန် လမ်းကို ဖြတ်ထားလေသည်။

စေ့စပ်ပေးရန် သွားရောက် ပြောဆိုခြင်းမှာလည်း မအောင်မြင်ချေ။ နောက်ဆုံးတွင် ဂေါ်ချ်ကောက်ဆိုသူက သိုင်းရားကို ဂျာမန်စစ်တပ်တွင်းသို့ သွားရောက်၍ ဂျာမန်စစ်ဗိုလ်ချုပ်ကြီး ဘစ်စမတ်နှင့် တွေ့ဆုံပြီး စစ်ပြေငြိမ်းဖို့စကား ကမ်းလှမ်းပြောဆိုရန် ခေါ်ငင်သွားမည်ဟု တာဝန်ယူလေ၏။ အစိုးရ အဖွဲ့သစ်မှာ အပြင်မှ အကူအညီကို အားမထားရသည့်အတွက် အစိုးရအဖွဲ့ကို ရုပ်သိမ်းလိုက်လျှင် ဂျာမနီတို့ လိုလားလျက်ရှိသော မြို့တွင်း အရှုပ်အထွေးများ ဖြစ်ပေါ်လာချေမည်။ ဘုရင်ဧကရာဇ် အုပ်စိုးခြင်းကို အလိုရှိသော နယ်ပယ်များနှင့် ဘုံဝါဒကို နှစ်သက်သော ပဲရစ်မြို့သူ မြို့သားတို့အား အစိုးရ အဖွဲ့သစ်က ပြင်သစ်ပြည်ကို ရန်သူလက်သို့ မအပ်နှင်းဘဲ မဖြစ်နိုင်တော့ဟု ပြောဆိုရန် ကြံစည်လေသည်။

မြို့သူမြို့သားများက လက်မလျှော့သဖြင့် အစိုးရက ရန်သူကို အရှုံးပေးရမည်ဆိုလျှင်လည်း ခက်လေ၏။ စစ်ဘက်ဆိုင်ရာ ဘုရင်ခံကလည်း သတင်းအမှန်များကို မြို့တွင်းတွင် ပိတ်ထား၏။ သို့နှင့် နိုင်ငံရေး ကာလပ်များတွင် တက်ရောက် ဟောပြောသော ခေါင်းဆောင်တို့၏ စကားသည် အစိုးရအဖွဲ့၏ အမိန့်ထက် စူးရှလာလေသည်။ ဂျာမန်

mgyoe.com

mgyoe.com


သူလျှိုများလည်း မြို့တွင်း၌ အနှံ့အပြားရှိ၏။ သတင်းအမျိုးမျိုးကို လွှင့်ကြ၏။ စစ်ဘက်ဆိုင်ရာဘုရင်ခံ၏ ကြံရွယ်ခြင်းသည် ရယ်ဖွယ်မျှသာ ဖြစ်နေလေသည်။

ထိုအခါကစ၍ နိုင်ငံရေးကလပ်များ၌ အရေးတော်ပုံအကြောင်းကို စတင်ပြောဆိုကြလေပြီ။ ပါလီမန် အဆောက်အအုံပေါ်တွင် အလံနီတင်၍ အရေးတော်ပုံ အောင်ပါစေ ဟူသော အော်ဟစ်သံများကို ကြွေးကြော်ကြလေသည်။ အောက်တိုဘာလ ၅ ရက်နေ့တွင် အမျိုးသားကာကွယ်ရေး စစ်တပ်မှ ဗိုလ်မှူးများနှင့် နိုင်ငံရေး ခေါင်းဆောင် ၂ ဦးတို့သည် အစည်းအဝေး ပြုလုပ်ကြလေသည်။ ထိုအစည်းအဝေး၌ ဘာလင်ကီ၏ အဆိုအတိုင်း မြို့တွင်း၌ စစ်ဥပဒေအရ အုပ်ချုပ်မည့်အကြောင်း၊ ကြေညာရန် ဆုံးဖြတ်ကြ၏။ ထိုဆုံးဖြတ်ချက်ကို နယ်ပေါင်း ၂၀ မှ ရွေးချယ်တင်မြှောက်ထားသော ဗဟိုကော်မတီက ထောက်ခံလေသည်။ မြို့သူမြို့သားတို့မှာ မြို့တံခါး ပိတ်ထားခြင်းကို တစ်လနီးပါးခံခဲ့ရသောကြောင့် မြို့တွင်းအရေးတော်ပုံ ထကြွခြင်းကို မနှစ်သက်ကြချေ။ ထိုကဲ့သို့ ပြုလုပ်လျှင် မျိုးချစ်စိတ်ရှိရာ မရောက်ကြောင်းနှင့် ပြစ်တင်ပြောဆိုကြလေသည်။

အစားအစာများလည်း မြို့တွင်း၌ တစ်နေ့တခြား ကျပ်တည်းကျဉ်းမြောင်းလာရာ ရန်သူ၏ဘေးမှ ကယ်ဆယ်နိုင်မည့် အရေးကလည်း နည်းပါးလာချေ၏။ သို့နှင့် မြို့သူမြို့သားတို့က စစ်ဘုရင်ခံအပေါ်တွင် များစွာ မကျေမနပ် ဖြစ်ကြလေသည်။ အစိုးရ စီမံအုပ်ချုပ်ပုံ၊ ညံ့ဖျင်းသေးသိမ်ကြောင်းကို နိုင်ငံရေး ခေါင်းဆောင်တို့က သတင်းစာများတွင် အကျယ်တဝင့် ရေးသားကြ၏။ နယ်ကော်မတီများကလည်း အစိုးရအပေါ် မကျေနပ်သည့် အချက်များကို ပိုမို၍ ဆူပူကြ၏။ အမျိုးသား ကာကွယ်ရေးစစ်တပ်ကလည်း ထိုနည်းအတူပင် အောက်တိုဘာလ ကုန်ခါနီးတွင်

mgyoe.com

mgyoe.com


ဖိလစ်ပြတ်ဆိုသူက ခေါင်းဆောင်၍ မကျေနပ်သည့် အချက်တို့ကို ကြေညာပြန်လေသည်။ ထိုကြေညာချက်တွင် ဖက်ဆိုသောနယ် ကျဆုံးခြင်း၊ ဘာဇိန်ဆိုသော နယ်ကို ရန်သူလက်သို့ အပ်နှင်းလိုက်ရခြင်း အကြောင်းများ ပါရှိလေ၏။ ထိုသတင်းမှာ တစ်ဆင့်ကြား စကားများသာ ဖြစ်သဖြင့် အစိုးရက မဟုတ်ကြောင်း ငြင်းဆိုခဲ့၏။ အဆိုပါ သတင်းကို ဖတ်ရှုရသော မြို့သူမြို့သား တချို့မှာ ဒေါသအမျက် ခြောင်းခြောင်းထွက်၍ ဖီးလစ်ပြတ်၏ အလုပ်တိုက်ကို သွားရောက်ပြီး ချိုးဖွဲ့ဖျက်ဆီးပစ်ကြလေသည်။ ၎င်းသည်လည်း ထွက်ပြေးတိမ်းရှောင်၍ နေလေ၏။ ထိုနေ့မှာပင် ပြင်သစ် စစ်တပ်များသည် ရန်သူများ ဝိုင်းဝန်းနေသည့်အတွင်းမှ ထွက်၍ တိုက်ကြ၏။

သိုင်းရားသည် စစ်ပြေငြိမ်းရန် ဈေးစပ်ပြောဆိုရာမှ ပြန်လာခဲ့လေ၏။ လမ်းခရီးတွင် မက်ခေါ်နယ် ကျဆုံးကြောင်း ကြော်ငြာများကို တွေ့လေ၏။ ညဉ့်သန်းခေါင်ကျော် ပါလီမန်အစည်းအဝေး၌ စစ်ကို ခေတ္တရပ်ဆိုင်းထားရေး စာချုပ်ချုပ်ဆိုရန် ဆွေးနွေးကြရာ ၎င်းကိုပင် အာဏာကုန် လွှဲအပ်ကြလေသည်။ အစိုးရသစ် ပြောင်းလဲဖွဲ့စည်းခြင်းနှင့် စစ်ကို ဆက်လက် တိုက်ခိုက်ခြင်းများကို သဘောတူမတူ ပြင်သစ် တစ်ပြည်လုံးတွင် ပြည်သူပြည်သားတို့၏ ဆန္ဒမဲပေးပွဲများ ကျင်းပစေ၏။

ပဲရစ်မြို့တွင်းမှ စစ်တပ်တို့က ဂျာမန်စစ်တပ်ကို ထွက်၍ တိုက်ခိုက်ရာတွင် ရှုံးနိမ့်ကြောင်း။ ဘာဇိန်နယ်ကို ဂျာမန်တို့၏လက်သို့ အပ်နှင်းလိုက်ရကြောင်း။ ပဲရစ်မြို့ကိုလည်း အပ်နှင်းရန် စကားကမ်းလှမ်းနေကြောင်း စသော အချက်များကို မြို့သူမြို့သားတို့ သိရှိကြလေ၏။ ထိုအခါ ၎င်းတို့သည် အိမ်တွင်း၌ မနေကြချေ။ လမ်းများကို ထွက်လာကြပြီးလျှင် ဟိုတယ်၊ ကလပ် စသော နေရာတို့သို့ အတင်းဝင်ရောက်ဆူပူကြ၏။ ပုန်ကန်ရေးခေါင်းဆောင်တို့က ထိုနေရာများ၌ပင် လူအများ

mgyoe.com

mgyoe.com


တို့၏ လုံခြုံရေးကော်မတီ ဖွဲ့စည်းရန် ဆူပူတောင်းဆို၏။ အစိုးရအဖွဲ့သစ်မှာ အကျပ်ရိုက်၍ လက်မှိုင်ချကာ မတတ်နိုင်အောင် ရှိလေသည်။ သူပုန်ခေါင်းဆောင်တို့က လက်ရှိအစိုးရအဖွဲ့ကို ပြောင်းလဲ၍ နောက်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် စီစဉ်ကြလေ၏။

ထိုအခါတွင် မြို့ပျက်သကဲ့သို့ ရှိလေ၏။ လူအုပ်ကြီးကလည်း ဆူပူလျက်ပင် ရှိနေသေး၏။ မကြာမီအတွင်း အစိုးရစစ်တပ်များ ရောက်လာ၍ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခိုက်ကြသည်မှာ နံနက် ၃ နာရီလောက်မှ ရပ်စဲလေသည်။ လူအုပ်ကြီးသည် အစိုးရ အဆောက်အအုံများကို ဝင်ရောက်စီးနင်းရန် ကြံရွယ်သော်လည်း မအောင်မြင်။ တဖြည်းဖြည်း အိမ်သို့ ပြန်လာကြလေသည်။

မဲဆန္ဒပေးပွဲ ကျင်းပရာ၌ အစိုးရ အဖွဲ့သစ်ကို အယုံအကြည်ရှိသည့် မဲမှာ အယုံအကြည်မရှိသည့် မဲထက် ပို၍များလေရာ ရှော့ဖို့သည် ၎င်း၏ရာထူးမှ နုတ်ထွက်သွားလေ၏။ အစိုးရသည် သောင်းကျန်းသူတို့၏ ခေါင်းဆောင်များကို ဖမ်းဆီးရန် ဝရမ်းထုတ်လေသည်။ သို့သော် အချို့ ခေါင်းဆောင်များမှာ အစိုးရ အဖွဲ့ဝင်များနှင့် ပူးပေါင်းဆက်သွယ်နေသဖြင့် မဖမ်းဆီးချေ။ အချို့တို့မှာ တောနယ်များသို့ ထွက်ပြေးတိမ်းရှောင်နေကြ၏။ ၎င်းတို့ကို ဖမ်းမည်ဆိုလျှင်လည်း နောက်ထပ် ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်ရသောကြောင့် ဖမ်းလည်းမဖမ်း၊ တရားလည်း မစွဲတော့ချေ။

သိုင်းရားနှင့် ဂျာမန်စစ်ဗိုလ်ချုပ်ကြီး ကြောင်းလမ်းပြောဆိုနေသော စစ်ခေတ္တ ရပ်ဆိုင်းထားရန် ကိစ္စမှာ သောင်းကျန်းမှုကြောင့် ပျက်စီးခဲ့၏။ ပြင်သစ်ပြည်တွင် တာဝန်ခံအစိုးရမရှိဖြစ်၍ စစ်ကို ခေတ္တရပ်ဆိုင်းရန် စာချုပ်ချုပ်ဆိုလျှင်လည်း စာချုပ်ပါ စည်းကမ်းများကို မည်သူမျှ လိုက်နာမည် မထင်ဟု ဂျာမန်တို့က ဆိုလေသည်။ ဂျာမန်စစ်တပ်များ

mgyoe.com

mgyoe.com


သည် ပဲရစ်မြို့ကို ဝိုင်းထားလျက်ပင် ရှိလေသည်။ မြို့တွင်းတွင်လည်း အစားအစာ နည်းပါးလာလေပြီ။ ဆောင်းရာသီ ဖြစ်သောကြောင့် အလွန်ပင် အေးလျက် ရှိ၏။ ရန်သူများက မြို့ကို အနီးမှကပ်၍ ဗုံးကြဲချေပြီ။ အစိုးရသည် ယခုတိုင် ဘာမျှမလုပ်သေးချေ။

နယ်ပေါင်း ၂၀ အနက် ၇ နယ်တွင် အလံနီများ အထင်အရှား တင်ကြလေ၏။ အရေးတော်ပုံ အောင်ပါစေ ဟူသော ကြွေးကြော်သံများ၊ နေရာတကာမှာ ကြားရ၏။ အတိုက်အခံဂိုဏ်းသား ၁၄၀ တို့ ပါဝင် လက်မှတ်ရေးထိုးထားသော ကြေညာစာတမ်း တစ်ခုကို ထုတ်ဝေကြ၏။ ထိုကြေညာစာတမ်းတွင် အစိုးရ၏ အုပ်ချုပ်ပုံ ညံ့ဖျင်းကြောင်းကို ရှုတ်ချ ပြစ်တင်၍ ဆင်းရဲသားများ တိုးတက်ရေးကို လမ်းဖွင့်ပေးရန်နှင့် အရေး တော်ပုံ ဖြစ်စေရန် စသော အကြောင်းများ ပါရှိလေသည်။ ထိုနည်းတူ အစိုးရအဖွဲ့ကလည်း မိမိတို့သည် ရန်သူကို မည်သည့်အခါမျှ အရှုံးပေး ၍ လက်နက်ချလိမ့်မည် မဟုတ်ကြောင်း ထုတ်ပြန်ကြေညာ၏။

ဇန်နဝါရီလ ၁၉ ရက်နေ့၌ မြို့တွင်းစစ်တပ်တို့သည် ဝိုင်းဝန်း ထားသော ဂျာမန်တပ်ကို အကြီးအကျယ် ထွက်၍ တိုက်ခိုက်ပြန်၏။ ထိုသို့ တိုက်ခိုက်ရာတွင် အစီအမံ ညံ့ဖျင်းခြင်း၊ စားရေရိက္ခာ မပြည့်စုံခြင်း၊ လမ်းပန်းများ မကောင်းခြင်း စသော အကြောင်းတို့ကြောင့် အရေးရှုံးနိမ့် ရပြန်၏။ တပ်သားပေါင်း ၃၀၀၀ ထက်မနည်း ထိခိုက်ဒဏ်ရာရ၍ သေဆုံးလေသည်။ ဤကဲ့သို့ ဆုံးရှုံးနစ်နာခြင်းမှာ စစ်ဘုရင်ခံ တရိုချူ၏ တာဝန်ဖြစ်လေရာ ၎င်းသည် ထိုတာဝန်ကို မခံလို၍ ရာထူးမှ နုတ်ထွက် လိုက်လေသည်။ ထိုရာထူးကို နပိုလျံဘုရင်လက်ထက်က မြင်းစီးတပ် ဗိုလ်မှူးဖြစ်သော ဗီနွိုင်အား ဆက်လက် ခန့်ထားကြ၏။

မြို့တွင်းတပ်များ ထွက်၍ တိုက်ခိုက်ရာ ရှုံးနိမ့်ရခြင်းသည် မတိုက်ခိုက်မီ ရန်သူများက ကြိုတင်သိနှင့်ပြီး ဖြစ်သောကြောင့်သာ ရှုံးနိမ့်

mgyoe.com

mgyoe.com


ရသည်ဟု ဗလင်ကီ၏ နောက်လိုက် တစ်စုတို့က သက်သေမကင်း ဖြစ်ကြ၏။ သို့နှင့် ရုန်းရင်းဆန်ခတ် ဆူပူကြလေသည်။ ဇန်နဝါရီလ ၂၁ ရက်နေ့ ညဥ့်အချိန်တွင် ထိုလူတစ်စုသည် မဇာ (ခေါ်) အကျဉ်းထောင်သို့ ချီတက်၍ ဆူပူသောင်းကျန်းမှုကြောင့် အကျဉ်းခံနေရသော ဖလော်ရင်နှင့် အခြား ခေါင်းဆောင်များကို ထောင်မှဖွင့်၍ လွှတ်ပစ်ကြလေသည်။ လူစုလူအုပ်ကြီး တစ်ခုသည် ဟိုတယ်ရှေ့တွင် မိမိတို့ ဘာကြောင့် အစိုးရနှင့် အတိုက်အခံ ပြုလုပ်ရသည်ကို အေးချမ်းစွာ တရားဟောပြောနေကြ၏။ ဗလင်ကီ၏ နောက်လိုက် တပည့်များမှာ ထိုလူအုပ်ကြီးကို တွေ့သောအခါ ကူညီသည့်သဘောဖြင့် ပုန်ကန်စိတ်ရှိသော စစ်တပ်နှင့် ပူးပေါင်းပေးလေသည်။ ဖလော်ရင် စသော ခေါင်းမာသည့် ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများ ထောင်ဖွင့်၍ လွှတ်ထွက်လာခြင်းကြောင့် အစိုးရအဖွဲ့သည် များစွာ တုန်လှုပ်ချောက်ချားလျက် ရှိ၏။ လူအုပ်ကြီးသည် ပုလိပ်ဌာနချုပ်ကို ဝိုင်းထားလေပြီ။ ပုလိပ်အမှုထမ်းများမှာ ဘာမျှမတတ်နိုင်တော့ချေ။ ခဏချင်းတွင် အစိုးရစစ်တပ် ရောက်လာ၏။ အစိုးရစစ်တပ်နှင့် ဆူပူထကြွဝိုင်းဝန်းထားသော သူပုန်စစ်တပ်တို့ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ကြပြီးနောက် သေနတ်သံများ ရပ်စဲသောအခါ အမျိုးသားကာကွယ်ရေး စစ်တပ်မှ စစ်သား ၆ ယောက်နှင့် ဗလင်ကီ၏ တပည့် ဆာပီယားဆိုသူ တစ်ယောက် ကျဆုံးနေသည်ကို တွေ့ရ၏။ စစ်သားနှင့် အရပ်သားသူပေါင်း ၂၀ ဒဏ်ရာရရှိကြ၏။ အစိုးရဘက်ကမူ သေသူ ဒဏ်ရာရသူ နည်းပါး၏။

ဤရုန်းရင်းဆန်ခတ်မှုမှာ ပဲရစ်မြို့ကို ရန်သူလက်သို့ မအပ်နှင်းရန် ကန့်ကွက်သောအနေမျိုး ဖြစ်လေသည်။ အစိုးရအဖွဲ့က နိုင်ငံရေး သတင်းစာများနှင့် ကလပ်များကို နိုင်နင်းစွာ ဖိနှိပ်လေ၏။ ဂျူမေဘားနှင့် ဂျာမန်စစ်ဗိုလ်ချုပ်ကြီး ဘစ်စမတ်တို့ ၅ ရက်တိုင် ဆွေးနွေးပြီးလျှင်

mgyoe.com

mgyoe.com


စစ်တိုက်ခိုက်ခြင်းကို ခေတ္တရပ်ဆိုင်းထားရန် သဘောတူစာချုပ် ချုပ်ဆို ကြလေသည်။ စာချုပ်သဘောမှာ ပြင်သစ်ပြည်တွင် ရွေးကောက်ပွဲ ပြုလုပ်၍ အမျိုးသား ပါလီမန်အဖွဲ့ ဖွဲ့စည်းပြီးလျှင် အောက်ပါ အချက် တို့ကို လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်သည်။ စစ်ကို ဆက်လက် မတိုက်ဘဲ ၂၁ ရက် ရပ်ဆိုင်းထားရမည်။ ၎င်းရက်အတွင်း စစ်ပြေငြိမ်းရေး စီစဉ်ရန် ပဲရစ်မြို့၌ စားနပ်ရိက္ခာ ၄ ရက်စာမျှရှိ၍ နောက်ထပ် စားနပ်ရိက္ခာ သိုလှောင်ထားရန်၊ ပဲရစ်မြို့၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်း၌ရှိသော ပြင်သစ် ခံ တပ်များကို ဂျာမန်လက်သို့ အပ်နှင်းပေးရန်၊ ၁၅ ရက်အတွင်း လျော်ကြေး ငွေ ရွှေဒင်္ဂါးပေါင် ၈ သန်းပေးရန်နှင့် ပြင်သစ်အမျိုးသား ကာကွယ်ရေး စစ်တပ်ကို မြို့တွင် အုပ်ချုပ်ရေးအတွက် စစ်သားပေါင်း ၁၂၀၀၀ သာ ထားရှိရန် စသော စည်းကမ်းများ ဖြစ်လေသည်။

ပဲရစ်မြို့ကို ရန်သူများ ဝိုင်းထားရာ ၁၃၅ ရက် ပြည့်သော ဇန်နဝါရီလ ၂၇ ရက်နေ့ ညဉ့်သန်းခေါင်ကျော်အချိန်တွင် အထက် အဆိုပါ စာချုပ်ကို ဂျာမန်နှင့် ပြင်သစ်တို့ လက်မှတ်ရေးထိုးကြလေ သည်။ အမျိုးသား ကာကွယ်ရေး အစိုးရ အဖွဲ့ဝင်တို့လည်း နောက် တစ်နေ့တွင် နုတ်ထွက်ကြလေ၏။ အမျိုးသား ပါလီမန်အဖွဲ့ကို ဘော်ဒို မြို့၌ ရွေးကောက်တင်မြှောက်ရန် စီစဉ်ကြလေသည်။

❒

mgyoe.com

mgyoe.com

# အခန်း - ၃
# အမျိုးသား ပါလီမန်အဖွဲ့

နိုင်ငံရေးခေါင်းဆောင် အနည်းငယ်သာ ပါဝင်သော အစိုးရအဖွဲ့ကို တွန်းလှန်ဖြိုဖျက်၍ အမျိုးသားပါလီမန်အဖွဲ့ ဖွဲ့စည်းရန် ဆော်ဒိုမြို့တွင် ဖေဖော်ဝါရီလ ၈ ရက်နေ့၌ ရွေးကောက်ပွဲများ ကျင်းပကြ၏။ ပြင်သစ်ပြည်ကိုပြန်၍ အသစ်တည်ထောင်သကဲ့သို့ ဖြစ်၏။ အလုပ်သမားများလည်း မိမိတို့၏ ရထိုက်သော အခွင့်အရေးကို ရရှိရန် ကြိုးစားရချေမည်။ အမတ်လောင်းများ၏ စာရင်းကို အလုပ်သမား အသင်းနှင့် အမျိုးသားကာကွယ်ရေး တပ်၏ ဗဟိုကော်မတီက တင်သွင်းလေပြီ။ စာရင်းတစ်ခုမှာ ဘလင်ကီစသော ပုဂ္ဂိုလ် ၆ ဦး ပါဝင်၍ နောက်တစ်ခုမှာ ဖီးလစ်ပြဘ် စသော ပုဂ္ဂိုလ် ၅ ဦး ပါဝင်လေသည်။

သူပုန်စိတ်ရှိသော အလုပ်သမားများမှာ နည်းပါး၏။ ဖြစ်ခဲ့ပြီးသော သောင်းကျန်းမှုတွင် အရေးရှုံးနိမ့်ခဲ့ရာ သူပုန်စိတ်ရှိသူ လူတစ်စုအား အစိုးရက ဖိနှိပ်ထားခြင်းကြောင့် ဖြစ်လေသည်။ ပဲရစ်မြို့၌လည်း ၁၈၇၁ ခုနှစ်၊ ဖေဖော်ဝါရီလလောက်တွင် မြို့တွင်းပုန်ကန်ရေးကို နှစ်သက်သူ အနည်းငယ်သာ ရှိတော့၏။ မြို့များ နယ်များတွင် များသောအားဖြင့်

mgyoe.com

mgyoe.com


ဘုရင်အုပ်ချုပ်ခြင်းကို အလိုရှိသူ အမတ်လောင်းများကို ရွေးကောက်တင်မြှောက်ကြ၏။ သို့နှင့် ပါလီမန်အဖွဲ့ဝင် အမတ်ပေါင်း ၆၃၀ ရှိသည့်အနက် ၄၂၀ မှာ ဘုရင်အုပ်ချုပ်ခြင်းကို လိုလားသူများ ဖြစ်ကြသည်။ အမတ်ပေါင်း ၆၃၀ တွင် မင်းသားနှစ်ပါးလည်း ပါဝင်၏။ အသီးသီးသော ပါတီများ၏ အရေအတွက်မှာ လက်ယာဂိုဏ်းသား အစစ် ၂၀၀၊ လက်ယာအလယ်ဂိုဏ်းသား ၂၀၀၊ လက်ဝဲအလယ်ဂိုဏ်းသား ၃၀၊ လက်ဝဲဂိုဏ်းသား ၂၀၊ ရဲဒီကယ်ဂိုဏ်းသား ၈၀၊ လက်ဝဲဂိုဏ်းသားအစစ် ၂၀ တို့ ဖြစ်ရလေသည်။

မြို့ငယ်ရွာငယ်များ၌ လယ်ယာကိုင်းကျွန်း လုပ်ကိုင်နေထိုင်စားသောက်သူ အလုပ်သမားများမှာ မြို့ကြီးပြကြီးတွင် နေထိုင်လုပ်ကိုင်စားသောက်သူတို့နှင့် များစွာကွာခြား၏။ မည်သည့် နိုင်ငံရေးဝါဒကိုမျှ လိုက်စားခြင်း မရှိကြချေ။ ဘုရင်အုပ်ချုပ်ခြင်းကိုသာ အလိုရှိကြ၏။ တိုင်းပြည်ငြိမ်းချမ်းရေးကို နှစ်သက်ကြ၏။ သို့နှင့် သိုင်းရားဆိုသူ၏ ရှေးထုံးရှေးနည်းအတိုင်း သမ္မတ အုပ်ချုပ်ခြင်း ဝါဒကိုပင် မယုံကြည်ကြချေ။ သို့သော် ပါလီမန်အဖွဲ့သည် သိုင်းရားကိုပင် အုပ်ချုပ်ရေး ခေါင်းဆောင်အဖြစ် အများသဘောတူ ရွေးချယ်ခန့်ထားလိုက်လေပြီ။ ထိုကဲ့သို့ ခန့်ထားပြီးနောက် သိုင်းရားသည် ဥက္ကဋ္ဌ ဖြစ်လာသောအခါ သမ္မတဂိုဏ်းသားများနှင့် ဘုရင်ဂိုဏ်းသားတို့ကို ညီမျှစွာ ဝန်ကြီးချုပ် ရာထူးသို့ ခန့်အပ်လေသည်။ ၎င်းဝန်ကြီးချုပ် အဖွဲ့တွင် ဝန်ကြီး ၄ ဦးမှာ ပြိုပျက်သွားသော အမျိုးသားကာကွယ်ရေး အစိုးရ အဖွဲ့မှ လူဟောင်းများဖြစ်ကြ၏။

ယခုအခါ၌ သိုင်းရားမှာ မိမိ၏ဝါဒအတိုင်း အစိုးရအဖွဲ့ကို ဖွဲ့စည်းပြီးလေပြီ။ လောလောဆယ် ဆောင်ရွက်ရမည့် ဝတ္တရားမှာ စစ်ပြေငြိမ်းရေးကိစ္စ ဖြစ်၏။ ဂျာမနီပြည့်ရှင်ဘုရင်သည် ပြင်သစ်ပြည်အပေါ်

mgyoe.com

mgyoe.com


တွင် အလွန်ဖိနှိပ်လိုသော ဆန္ဒရှိရကား စစ်ဗိုလ်ချုပ်ကြီး ဘစ်စမတ်မှာ ဘုရင်၏ အလိုအတိုင်း လိုက်နာရချေသည်။ ပြင်သစ်ပြည် တာဝန်ခံ အစိုးရနှင့်သာ ဂျာမန်တို့က ဆက်သွယ်မည် ဖြစ်ကြောင်း ထိုဗိုလ်ချုပ်ကြီးက ပြောကြားလေသည်။ ပြင်သစ်ပြည်တွင်း၌ နောင် အရှုပ်အထွေး ပေါ်ပေါက်လာလျှင် သိုင်းရား၏တာဝန် ဖြစ်လာမည့်အပြင် ဂျာမန်တို့သို့ ငွေအမြောက်အမြား လျော်ရမည်ဟု ဆိုပြန်၏။ သို့နှင့် သိုင်းရားမှာ ပဲရစ်မြို့တော်ကို ချက်ချင်း စီမံအုပ်ချုပ်ရန် ဖြစ်ပေါ်လာ၏။ မိမိ အုပ်ချုပ်ခြင်းကို မလိုလား၍ အတွင်းသူပုန်ထမည်ကိုလည်း ပူပန်နေရ၏။ ဘစ်စမတ်နှင့် သိုင်းရားတို့သည် ပြင်သစ်–ဂျာမန် စစ်ပြေငြိမ်းရေးအတွက် ဗာဆေးမြို့တွင် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ စတင်ဆွေးနွေး ပြောဆိုကြလေသည်။

ပဲရစ်မြို့တွင်း၌ နိုင်ငံရေးအတွက်သော်လည်းကောင်း၊ စားရေးနေရေးအတွက်သော် လည်းကောင်း မြို့သူမြို့သားအချင်းချင်း ဖြစ်ပွားသည့်ရန်ပွဲများ မရှိတော့ချေ။ အမျိုးသား စစ်တပ်များမှာ အလုပ်တကယ်မလုပ်ရဘဲ ရိက္ခာတော်ကို အေးငြိမ်းစွာ စားသောက်နေကြ၏။ လက်နက်တိုက်မှ လက်နက်များ ခိုးခြင်းနှင့် လက်နက်ကိုင် စစ်သားများက လုယက်တိုက်ခိုက်မှုများ ရှိလေသေးသည်ဖြစ်ရာ အုပ်ချုပ်ပုံမှာ ညံ့ဖျင်းလေသည်။ စစ်သားများမှာ မည်သူ၏ဩဇာကိုမျှ မနာခံ၊ စစ်သားတိုင်းပင် ကိုယ့်မင်းကိုယ့်ချင်း ဟူသော သဘောမျိုးနှင့် ပြောဆိုပြုလုပ်နေကြ၏။ မင်းမဲ့တိုင်းပြည်နှင့် တူလေသည်။

ဤသို့ အုပ်ချုပ်ခြင်း ကင်းမဲ့နေသည်ကို ကြောက်ရွံ့သည်က တစ်ကြောင်း၊ မြို့တံခါး ပိတ်ထားခြင်းကို မခံမရပ်နိုင်သည်က တစ်ကြောင်း။ ထို့ကြောင့် အနည်းငယ် ကြွယ်ဝချမ်းသာသော အလယ်တန်းစား ကုန်သည်ကြီးငယ်တို့မှာ နယ်ပယ်တွင်ရှိသော ဆွေမျိုးတို့နှင့်အတူ

mgyoe.com

mgyoe.com


သွားရောက်နေထိုင်ရန် ပဲရစ်မြို့မှ လူပေါင်း တစ်သိန်းခန့် ထွက်ခွာသွားကြလေ၏။ သို့နှင့် အလယ်တန်းစားများ ဖွဲ့စည်းထားသော မြို့စောင့်တပ်အဖွဲ့၏ အင်အားမှာ များစွာ ယုတ်လျော့သွားလေသည်။ တပ်ပျက်လာသော စစ်သားတို့သည် မြို့တွင်းသို့ ဝင်လာကြ၏။ မိမိတို့၌ပါသော သေနတ်လက်နက် စသည်တို့ကို အရက်များ၊ မုန့်များဖြင့် လဲလှယ်စားသောက်ကြလေသည်။ ၎င်းတို့၏ အဝတ်တန်ဆာများမှာ ဟောင်းနွမ်းညစ်ပတ်ပေရေစုတ်ပြတ်လျက် ရှိ၏။ အလှူခံသေတ္တာများနှင့် မြို့တွင်းသို့ လှည့်လည်၍ အလှူခံကြသည်မှာ ဆူညံလျက် ရှိလေသည်။

ဤအခြင်းအရာများကို ပြင်သစ်စစ်ဗိုလ်ကြီး တွေ့မြင်သော်လည်း ၎င်းတို့ကို ရာထူးဖြုတ်မပစ်ဘဲ အလိုရှိက အလွယ်တကူ အသုံးချနိုင်ရန် လက်နက်တိုက်အနီး၌ အထူးစောင့်ကြပ်ရမည် ဟူ၍ လက်အောက်ဗိုလ်မှူးများကို အမိန့်ထုတ်ပေး၏။ အထင်အရှား အတိအလင်း ပုန်ကန်ထကြွမှုဟူ၍ မရှိသေးချေ။ သို့သော် ပဲရစ်မြို့တော်တွင် ဘယ်ကစ၍ဆူပူပါမည်နည်းဟု စောင့်စားနားစွင့်နေကြရ၏။ အမျိုးသားစစ်တပ်မှ နိုင်ငံရေးသမားများ မဟုတ်သည့် လူတစ်စုတို့ ထကြွရန် ကြံစည်ကြလေသည်။ အမျိုးသားတပ်ဗိုလ်ချုပ်ကြီး မရုနယ်နှင့် ၎င်း၏ ဗိုလ်မှူးပိုင်ရာတို့က အမျိုးသားတပ်များကို စစ်ဘက်ဆိုင်ရာ အာဏာအပ်နှင်းရန် ဆူပူကြ၏။ ထိုသူနှစ်ဦးကို ဖမ်းဆီး၍ ထောင်ဒဏ် ၂ နှစ်စီ အပြစ်ပေးလေသည်။

အမျိုးသားတပ်များကို လူအများက ရှိသေခြင်း တစ်စတစ်စ ကင်းမဲ့လာလေ၏။ ဘဲဗီခေါ်နယ်တွင် အုပ်ချုပ်နေသော ဥက္ကဋ္ဌအား ထောင်သွင်း အကျဉ်းထားရာ ၎င်းနေရာတွင် ပုန်ကန်စိတ်ရှိသော ကော်မတီတစ်ဦးက ဆက်လက် ဆောင်ရွက်နေလေ၏။ ပါလီမန်အဖွဲ့က ထားသော ပုလိပ်အဖွဲ့မှာ အရပ်သား ပုလိပ်အဖွဲ့နှင့် မကြာခဏ ခိုက်ရန်

mgyoe.com

mgyoe.com


ဖြစ်ပွားကြ၏။ အမြဲတမ်း စစ်တပ်များသည်လည်း စည်းကမ်းမရှိ ဖြစ်နေကြသည်။ စစ်သား ၁၂၀၀ ရှိသော စစ်တပ်ကို ရေတွက်ကြည့်လျှင် ၄၀၀ လောက်သာ တွေ့ရ၏။ အကွပ်မရှိသောကြမ်း ပရမ်းပတာ ဆိုသကဲ့သို့ တပ်တိုင်းတပ်တိုင်း ဖရိုဖရဲ စည်းကမ်းမဲ့ ဖြစ်နေတော့၏။

ရှေးက ဖွဲ့စည်းသော နယ်ပေါင်း ၂၀ တို့မှ စောင့်ရှောက်ရေးကော်မတီများမှာလည်း မောင့်မာဝါဠ်ရှိသော ကော်မတီသာလျှင် နိုင်နင်းစွာ ဆောင်ရွက်နိုင်၏။ အခြား ကော်မတီများမှာ ကောင်းစွာ မဆောင်ရွက်နိုင်ချေ။ အမျိုးသားပါလီမန်အဖွဲ့ ဖွဲ့စည်းကာ လူအချို့တို့သည် ကော်မတီတစ်ခု ဖွဲ့စည်း၍ မဲဆန္ဒရှင်များအား အကြံပေးဉာဏ်ပေး ပြုလုပ်လေသည်။ ၎င်းတို့အဖွဲ့ကပင် အစည်းအဝေးတစ်ခုပြုလုပ်၍ အလုပ်သမားများနှင့် အလုပ်ရှင်များ ညီတူညီမျှ ရွေးကောက် တင်မြှောက်ရန် ပြောဆိုဆုံးဖြတ်ကြသေး၏။ ထိုကော်မတီအဖွဲ့မှာ လူမျိုးမရွေးဘဲ ဘုံဝါဒသမားများက ဩဇာလွှမ်းမိုးလျက် နေလေသည်။ အမျိုးသားစစ်တပ်များကို အုပ်ချုပ်ရန်နှင့် အဖွဲ့၏ ဥပဒေကို စီစဉ်အတည်ပြုရန် အစည်းအဝေးထပ်မံပြုလုပ်၍ ဗဟိုကော်မတီ တစ်ခု အသစ်ဖွဲ့စည်းပြန်လေသည်။

ထိုအဖွဲ့သစ်တွင် စစ်တပ်တစ်တပ်မှ ရာထူးမရွေး တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ် တစ်ယောက်စီနှင့် တပ်မကြီး၏ ဗိုလ်မှူးများ ပါဝင်လေသည်။ ထိုကိုယ်စားလှယ်များနှင့် ဗိုလ်မှူးများကို ရွေးချယ်တင်မြှောက်သူများက သဘောမကျလျှင် နုတ်ပယ်နိုင်လေသည်။ စစ်တပ်များမှာ တပ်တိုင်းတပ်တိုင်း ၁၄ ရက်တစ်ကြိမ် အစည်းအဝေး ခေါ်နိုင်သည်။ အရေးကြီးသော ကိစ္စရှိလျှင် ထိုအစည်းအဝေးက ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။ ဆုံးဖြတ်ချက်ကို ဗဟိုကော်မတီသို့ တင်ပြရန် ရှိလျှင် တင်ပြနိုင်သည်။ ဗဟိုကော်မတီနှင့် တပ်မကြီး၏ ဆုံးဖြတ်ချက်များကို တစ်ဖန် ဆွေးနွေးစဉ်းစားရန် ကောင်စီချုပ်အထိ ဖွဲ့စည်းထား၏။

mgyoe.com

mgyoe.com


တိုင်းပြည်တွင် ရွေးကောက်ပွဲကျင်းပသည့်အခါ အမျိုးသားတပ်၏ ကိုယ်စားလှယ်ဖြစ်သော ဗဟိုကော်မတီ၏အမည်ဖြင့် တင်သွင်းရန် စီစဉ်ထားလေသည်။ ဤအဖွဲ့သစ် တည်ထောင်ခြင်းအားဖြင့် အစိုးရခန့်ထားသော အရာရှိများနှင့် စစ်သည်တော်များမှာ တစ်ဖက်တစ်လမ်း ဖြစ်နေ၏။ အဖွဲ့သစ်သည် တစည်းတလုံးတည်း အင်အားများစွာ တောင့်တင်း၏။

ပဲရစ်မြို့သူမြို့သားတို့သည် ရန်သူများကို နိုင်နင်းစွာ ခုခံနိုင်ရန် စီမံလျက်ရှိနေစဉ်တွင် ဂျာမန်စစ်ဗိုလ်ချုပ်ကြီး ဘစ်စမတ်က စစ်ပြေငြိမ်းရေးကို အောက်ပါ စည်းကမ်းချက်အတိုင်း သဘောတူညီရန် ပြင်သစ်အမျိုးသားပါလီမန်ဥက္ကဋ္ဌ သိုင်းရားကို အတင်းအဓမ္မ တိုက်တွန်းလေသတည်း။ ဘစ်စမတ်၏ လိုရင်းအချက်မှာ အလ်ဆက်လော်ရိမ်းနယ်ကို အပ်ပေးရန်၊ မအပ်နိုင်လျှင် ပြင်သစ်သုံး ဒင်္ဂါးကုဋေ ၅၀ လျော်ကြေးပေးရန်နှင့် ပဲရစ်မြို့ကို ဂျာမန်စစ်တပ်များက ဝင်ရောက်သိမ်းပိုက်နိုင်ရန်၊ အကယ်၍ ပဲရစ်မြို့ကို မအပ်လိုလျှင် ဘဲလ်ဖို့မြို့နယ်တစ်ဝိုက်ကို အပ်နှင်းရန်တို့ဖြစ်လေသည်။ သိုင်းရားမှာ အကြီးအကျယ် ဒုက္ခတွေ့နေလေ၏။ သဘောတူချေက ပဲရစ်မြို့သူမြို့သားများနှင့် ဆန့်ကျင်ဘက်ဖြစ်ရမည်။ သဘောမတူပြန်လျှင်လည်း ဂျာမန်က နောက်ထပ် တိုက်ခိုက်ချေမည်။ ဘဲလ်ဖို့နှင့် ပဲရစ်ကို အပ်နှင်းရန်မှာ မလွယ်ကူ။ များစွာ ခဲယဉ်း၏။ ထို့ကြောင့် ဥက္ကဋ္ဌကြီး သိုင်းရားမှာ 'ရှေ့တိုးထမ်းပိုးနှင့် နောက်ဆုတ်လှည်းထုတ်' ဆိုဘိသကဲ့သို့ ဘယ်မလှည့်သာ ညာမလှည့်သာ မကြံတတ်အောင် ဖြစ်တော့၏။ သို့သော် ပဲရစ်မြို့ကို ဂျာမန်တို့ သိမ်းပိုက်ရန်မှာ စစ်ဗိုလ်ချုပ်ကြီး ဘစ်စမတ် ကိုယ်တိုင်ကပင် မနှစ်ခြိုက်၊ ဂျာမန်စစ်ရုံး၏ အမိန့်အတိုင်းသာ ဆောင်ရွက်ရသည် ဖြစ်သောကြောင့် ရက်သတ္တ တစ်ပတ်ကြာမျှ ဆိုင်းငံ့၍ စစ်ပြေငြိမ်းရေး ကိစ္စကို နှစ်ဦးနှစ်ဖက်သော သံအမတ်များ တွေ့ဆုံဆွေးနွေးပြီးမှ ဆုံးဖြတ်မည်ဟု သဘောတူကြလေသည်။

mgyoe.com

mgyoe.com


ပဲရစ်မြို့ကွင်းသို့ ဂျာမန်စစ်တပ်များ ဝင်ရောက်သိမ်းပိုက်မည် ဟူသော သတင်းမှာလည်း ပျံ့နှံ့သွားသဖြင့် ပြင်သစ် စစ်သည်တော်များ နှင့် မြို့သူမြို့သားများမှာ ဂနာမငြိမ် ဗရုတ်ဗရက် ဖြစ်နေကြ၏။ ထိုစဉ် အတွင်း ဗဟိုကော်မတီက ပြင်သစ်စစ်သားများသည် ဂျာမန်စစ်တပ်များ မြို့တွင်းသို့ဝင်မည်ဟု အရိပ်နိမိတ်ကို မြင်လျှင်မြင်ချင်း မိမိတို့မှာ လက်နက် ကိုယ်စီကိုင်၍ စုရုံးရာ ဌာနသို့ ချက်ချင်းရောက်ရမည်။ ထိုနေရာက ဂျာမန်စစ်တပ်များနှင့် ရင်ဆိုင်တိုက်ခိုက်ရန် ချီတက်ရမည် ဟူသော စာတမ်းတစ်ခုကို ကြေညာလေသည်။ ဤသို့ ခုခံတိုက်ခိုက်လျှင် ဂျာမန် စစ်သားများက စိတ်နာပြီး မြို့သူမြို့သားများကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်လိမ့်မည်ဟု တချို့ အလုပ်သမားများက ပြောကြလေသည်။

ဤသို့ ဗရုတ်ဗရက် ရှုပ်ရှုပ်ထွေးထွေး မြို့ပျက်သကဲ့သို့ ဖြစ်နေ သည့်အတွင်း ထောင်ဒဏ် ၂ နှစ်ကျခံနေရသော ဘရုနယ်ဆိုသူကို လူ တစ်စုက ထောင်မှ အတင်းဖွင့်၍ လွှတ်ပစ်လိုက်လေ၏။ ရောက်ဆိုင် ရာ စစ်သည်တော်များလည်း ထိုလူအုပ်နှင့် ပူးပေါင်း၍ ထကြွဆူပူပြန် ၏။ ပုလိပ်တို့၏ သူလျှိုတစ်ယောက်ကိုလည်း အရှင်လတ်လတ် မြစ်ထဲ သို့ မျှောချပြီးလျှင် ကျောက်ခဲ–အုတ်ခဲ စသည်တို့ဖြင့် ပစ်ခတ်၍ သတ်ပစ် လိုက်ကြလေသည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဗဟိုကော်မတီက ကြော်ငြာစာ တစ်စောင် ထုတ်ဝေလေ၏။ ဂျာမန်စစ်တပ်များ ပဲရစ်မြို့တွင်းသို့ ဝင်လာ လျှင် မခုခံမတိုက်ခိုက်ကြရ၊ အရေးမလုပ် အဖက်မလုပ်ဘဲနေ၍ လုံးဝ သပိတ်မှောက်ကြရမည်ဟု ပါရှိလေသည်။ မြို့သူမြို့သားများနှင့် စစ်သား များလည်း ထိုကြော်ငြာချက်အတိုင်း လိုက်နာကြ၏။ မတ်လ ၁ ရက်နေ့ တွင် ဂျာမန်စစ်သားများ ချီတက်ဝင်ရောက်လာလေရာ ပြင်သစ်တို့က ခုခံတိုက်ခိုက်ခြင်း မရှိကြ။ ပေါင်းသင်းဆက်ဆံ ခေါ်ပြောခြင်းလည်း

mgyoe.com

mgyoe.com


မရှိကြ။ သို့နှင့် ဂျာမန်စစ်တပ်တို့သည် မတ်လ ၃ ရက်နေ့တွင် မြို့တွင်းမှ ထွက်သွားကြလေ၏။ ၎င်းတို့ ထွက်သွားသောအခါ မကောင်းသော ဘေးဒဏ်များ ကုန်ပါစေသတည်းဟု မြို့သူမြို့သားများသည် ဘုရားရှိခိုး ကျောင်းရှေ့တို့၌ မီးပုံကြီးများရှို့၍ ဆုတောင်းကြ၏။ ဂျာမန်အရာရှိ များကို လက်ခံသော ပြည့်တန်ဆာမ တချို့ကိုလည်း ရိုက်နှက်ဆုံးမကြ ၏။ တံခါးဖွင့်၍ပေးသော ထမင်းဆိုင် တစ်ဆိုင်ကိုလည်း ချိုးဖဲ့ဖျက်ဆီး ပစ်လိုက်လေသည်။ ဤသပိတ်မှောက်ခြင်းသည် အောင်မြင်ထမြောက် သော သပိတ်မှောက်ခြင်းဟု ဆိုရပေမည်။ ပဲရစ်မြို့သူမြို့သားတို့၏ စိတ်ကို ဗဟိုကော်မတီက ဆိုအပ်ခဲ့ပြီသော ကြော်ငြာခြင်းဖြင့် ပေါင်းစည်း ပေးလိုက်သကဲ့သို့ ရှိ၏။ မြို့သူမြို့သားတို့မှာ တိုင်းတစ်ပါးသားများ ဝင်ရောက်သဖြင့် အောက်ကျနောက်ကျဖြစ်ကြောင်း အစိုးရ ညံ့ဖျင်း ကြောင်းများကို သိကြလေပြီ။ သို့နှင့် အစိုးရအား ဆန့်ကျင်ဘက် ပြုကြ တော့၏။

ဂျာမန်စစ်တပ်များ၊ ပဲရစ်မြို့တွင်းမှ ထွက်သွားသော မတ်လ ၃ ရက်နေ့သည် စစ်ဗဟိုကော်မတီ စည်းဝေးသောနေ့ ဖြစ်၏။ ယခုအခါ ဗဟိုကော်မတီ၏ ကြော်ငြာချက်အတိုင်း အောင်မြင်ထမြောက်သဖြင့် အမျိုးသားကာကွယ်ရေး စစ်တပ်မှာ ဗဟိုကော်မတီ၏လက်အောက်ခံ လုံးလုံး ဖြစ်လာလေသည်။ ဗဟိုကော်မတီသည် ပုန်ကန်ထကြွရန် အစည်းအရုံး ဖြစ်ကြောင်း ထင်ရှား၏။ ပဲရစ်မြို့၏ အုပ်ချုပ်ရေးသည် လည်း ၎င်း၏လက်မှာပင် ရောက်နေလေသည်။ ထိုအချိန်အခါ၌ ဘော်ဒို မြို့ ပါလီမန်အဖွဲ့အစိုးရသည် ပဲရစ်မြို့အတွက် မခံမရပ်နိုင်အောင် ဖြစ်နေ လေ၏။ လွှတ်တော် အစည်းအဝေးတွင် များစွာ ဆူပူကြသည်။ ဝန်ကြီးချုပ် တချို့နှင့် အရာရှိ တချို့တို့သည်လည်း ရာထူးမှ နုတ်ထွက်ကုန်ကြ၏။

မတ်လ ၁၁ ရက်နေ့၌ ရုံးရင်းဆန်ခတ်မှုတွင် ခေါင်းဆောင်လုပ် သူ ဘလင်ကီနှင့်ဖလော်ရင်ကို အစိုးရရုံးက ကွပ်မျက်ရန် အမိန့်စီရင်ချက်

mgyoe.com

mgyoe.com


ချလေ၏။ သို့သော် ထိုသူနှစ်ယောက်မှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် အသတ်မခံရချေ။ ၎င်းတို့သည် မိမိတို့အပေါ်၌ ချမှတ်ထားသော အမိန့် စီရင်ချက်ကို ကြားလျှင်ကြားချင်း လက်ရှိအစိုးရမှာ ရန်းရင်းဆန်ခတ်မှု ဖြစ်စဉ်က မဖွဲ့စည်းရသေး၍ မိမိတို့အား သတ်စေ ဟူသော အမိန့်ကို မပေးနိုင်ဟု သတင်းစာမှ ပြန်လည်ထုချေကြ၏။

မြို့ကို ရန်သူများ ဝိုင်းဝန်းထားသဖြင့် ကူးသန်းရောင်းဝယ်ရေး မှာ မရှိသလောက် ဖြစ်နေ၏။ ငွေသား ဟူ၍လည်း မရှိ၊ ငွေစက္ကူများ နှင့်သာ သုံးစွဲနေကြရလေသည်။ အမျိုးသား ကာကွယ်ရေးအစိုးရ ရှိစဉ်က ထိုငွေစက္ကူများ၏ တန်ဖိုးကို နောင်အခါ ထုတ်ပေးမည်ဟု ဆုံးဖြတ်ခဲ့၏။ အမျိုးသားပါလီမန် အဖွဲ့က ထိုငွေစက္ကူများ၏ တန်ဖိုးကို ကူးသန်းရောင်း ဝယ်ရေး တိုးတက်စေရန် ထုတ်ပေးမည်ဟု ကြော်ငြာ၏။ ထိုကြော်ငြာခြင်း ကို ကုန်သည်ကြီးများအသင်းနှင့် အမျိုးသား လက်မှုပညာ ရောင်းဝယ် ရေး အသင်းက ကန့်ကွက်လေသည်။ ဘော်ဒိုမြို့၌ ကြော်ငြာခြင်းကို ပဲရစ်မြို့က သိရှိသဖြင့် မတ်လ ၁၃ ရက်နှင့် ၁၇ ရက်နေ့များအတွင်း ၁ သိန်း ၅ သောင်းမျှသော ငွေစက္ကူများကို လဲလှယ်ကြ၏။ အစိုးရက ထွက်ပြေးတိမ်းရှောင်နေသော မြေပိုင်ရှင်ကြီးများသည် မိမိတို့၏ မြေငှား ခ အိမ်ငှားခများကို ငှားရမ်းနေထိုင် လုပ်ကိုင်သူများထံမှ ချက်ချင်း တောင်းယူနိုင်ရန် အမိန့်ထုတ်ပြန်လေသည်။ ဆင်းရဲသားတို့မှာ အငှားခ မပေးနိုင်လျှင် ထွက်ခွာသွားရန်သာ ရှိ၏။ တချို့ အငှားနေသူတို့သည် ပစ္စည်းသာရှိ၍ ငွေကို ရုတ်တရက် ရှာမပေးနိုင်ဘဲ ဖြစ်လေသည်။ ဤသို့ ဥပဒေနှင့် ဖိစီး၍ အတင်းအကျပ် တောင်းခံခြင်းကြောင့် အလယ်တန်းစား ကုန်သည်ပွဲစားများမှာ ဆင်းရဲသား ဘဝသို့ ရောက်သွားကြလေ၏။ ပဲရစ်မြို့ကို အစိုးရက မြို့တော်အဖြစ်မှ ရုပ်သိမ်းလိုက်လေသတည်း။

ထိုသို့ ရုပ်သိမ်းလိုက်သော မတ်လ ၁၁ ရက်နေ့ညတွင် ပဲရစ် မြို့စစ်တပ်ဗိုလ်ချုပ်ကြီးက အမိန့်စာတစ်စောင်ကို ထုတ်ပြန်၏။ ထိုအမိန့်

mgyoe.com

mgyoe.com


ကို နာယူရန် စစ်တပ်အားလုံးတို့သည် စီတန်း၍ ရပ်လျက် နားထောင်ကြရသည်။ စစ်ဗိုလ်ကြီး၏ အမိန့်မှာ အမျိုးသားပါလီမန်အဖွဲ့ ဗာဆေးမြို့တွင် ရုံးစိုက်မည်ဟု ကြားသိရခြင်း၊ ဘလင်ကီနှင့် ဖလော်ရင်ကို ကွပ်မျက်ရန် အစိုးရက အမိန့်ထုတ်ထားခြင်း၊ အစိုးရအဖွဲ့ကို ပုန်ကန်ရန် လှုံ့ဆော်သော သတင်းစာ ၅ စောင်ကို ဖိနှိပ်ခြင်း စသော အကြောင်းများကြောင့် အသင် စစ်သည်တော်သားများသည် ကိုယ်နှင့်ဆိုင်ရာ နယ်ပယ်တို့တွင် ဆူပူလှုပ်ရှားခြင်း မရှိစေရအောင် တားဆီးပိတ်ပင်ရန် သင်တို့အား အကျွန်ုပ်က အကြံပေးရကြောင်း စသည်တို့ ပါရှိလေသည်။

ဗဟိုကော်မတီကလည်း အစိုးရသည် မြို့သူမြို့သားတို့အား ဖိနှိပ်မည်ကို သိသဖြင့် အမြဲတမ်း စစ်တပ်များသို့ အမှာစာ တစ်စောင် ပေးပို့လိုက်၏။ ထိုအမှာစာတွင် စစ်သည်တော်သားများနှင့် အရပ်သားတို့ သင့်တင့်စွာ ပေါင်းသင်းဆက်ဆံစေလိုခြင်း၊ အစိုးရက အရပ်သားတို့အား တိုက်ခိုက်သတ်ဖြတ်ရန် စေခိုင်းသော်လည်း စစ်သားများသည် မိမိတို့ ဆွေမျိုးသားချင်းကဲ့သို့ အောက်မေ့ပြီးလျှင် အမိန့်အတိုင်း မလိုက်နာငြင်းဆန်စေလိုခြင်း၊ ရာထူးရရန်သော် လည်းကောင်း၊ ဥစ္စာ ပစ္စည်းရရန်သော်လည်းကောင်း၊ ဘုရင်တင်မြှောက်ဖို့သော် လည်းကောင်း၊ စစ်သားများနှင့် အရပ်သားများကို ရန်တိုက်ပေးလျှင် ရန်တိုက်ပေးသူတို့၏ မျက်မှောက်တွင် တစ်ဦးနှင့်တစ်ဦး မေတ္တာရှိကြောင်း ပြစေလိုသည်။ ပဲရစ်မြို့သူမြို့သားတို့၏ အလိုဆန္ဒမှာ မိမိတို့ကိုယ်တိုင် လက်နက်များ စွဲကိုင်ခြင်း၊ ခေါင်းဆောင်များ ရွေးချယ်ခြင်း၊ ခေါင်းဆောင်များကို အယုံအကြည်မရှိသောအခါ နုတ်ပယ်ခြင်း၊ အမြဲတမ်း တပ်သားများကို ၎င်းတို့၏ သားမယား ဆွေမျိုးများထံ ပြန်လွှတ်ခြင်း၊ အရပ်သားများနှင့် စစ်သည်တော်သားများ ပေါင်းစည်းခြင်း၊ သမ္မတအစိုးရဖြစ်စေရန် ဆောင်ရွက်လိုခြင်း၊ ကေရာဇ်ဘုရင်များ အုပ်စိုးခြင်းသည် လူအများကို

mgyoe.com

mgyoe.com


များစွာ အဟိဒုက္ခရောက်စေသဖြင့် သမ္မတအုပ်ချုပ်ခြင်းကိုရရန် ကြိုးစားနေသူများကို ကူညီအားပေးခြင်း၊ စစ်သည်တော်များသည် အသက်ကို စွန့်စားရန် မကြံစည်အပ်ခြင်း စသည်တို့ ပါရှိလေသည်။

ပဲရစ်မြို့၏ အခြေအနေမှာ ငြိမ်သက်လျက် ရှိနေလေ၏။ အစိုးရကလည်း မြို့သူမြို့သားတို့အား အထူးတလည် နှိမ်နင်းခြင်း မရှိသေးချေ။ ရှေးက ဖွဲ့စည်းထားသော နယ်ပေါင်း ၂၀ ၏ ဗဟိုအတိုင်ပင်ခံ အဖွဲ့သည် စစ်တပ် တချို့ကို ဩဇာလွှမ်းမိုးလျက်ပင် ရှိ၏။ ထိုအဖွဲ့ ဟောင်း၏ ဩဇာခံဖြစ်သော နံပါတ် ၆၁ စစ်တပ်မှ ကိုယ်စားလှယ်များသည် အစိုးရသို့ လက်နက်များ ပြန်အပ်ရန် ဥက္ကဋ္ဌ ကလီမင်ဝေါကို တိုင်ကြားကြ၏။ ထို အကြံအစည်ကို စောင့်ရှောက်ရေး ကော်မတီက သဘောမတူခဲ့ချေ။ ကလီမင်ဝေါကို ရာထူးမှ နုတ်ထွက်သွားရန် တိုက်တွန်းကြလေသည်။

ဤကဲ့သို့ လက်နက်များ ပြန်အပ်မည် ဟူသော သတင်းစကားမှာ အစိုးရပုလိပ်အဖွဲ့သို့ ရောက်ရှိသွားလေ၏။ ထိုသတင်းစကားကို ကြားသိသော ပုလိပ်မင်းကြီးသည် အမျိုးသားကာကွယ်ရေး စစ်တပ်များအားလျော့ကုန်ပြီဟု ထင်၏။ သို့နှင့် အတွင်းသူပုန်ရန် အေးတော့မည့်အကြောင်း ပါလီမန်အစိုးရ အဖွဲ့၏ ဥက္ကဋ္ဌသိုင်းရားထံ စာရေးသား ပြောဆိုခဲ့လေသည်။ အမျိုးသားကာကွယ်ရေး တပ်မှ တပ်သားများသည် အရပ်သားများ ဖြစ်၏။ အလွန်အေးချမ်းလျက် ဆီးနှင်းကျသော ညများတွင် တပ်တွင်းရှိ လက်နက်များကို စောင့်ထိန်းရခြင်းသည် အလွန်တရာ ပင်ပန်းကြ၍ ထိုလက်နက်များကို ပြန်အပ်ရန်သာ ပြောဆိုကြ၏။

လက်ရှိ ဗဟိုကော်မတီနှင့် ရှေးက ဖွဲ့စည်းထားသော နယ်ပေါင်း ၂၀ တို့မှ ဗဟိုအတိုင်ပင်ခံကော်မတီ၏ ဝါဒမှာ တူညီကြ၏။ လုပ်နည်းကိုင်နည်းသာ ကွဲပြားလေသည်။ ကော်မတီ ၂ ခုကို ပေါင်းစပ်၍

mgyoe.com

mgyoe.com


အသင်းချုပ်ကြီးဟု ဖွဲ့စည်းရန် နှစ်ဦးနှစ်ဖက် သဘောတူကြပြီးလျှင် ပေါင်းစပ်ကြ၏။ အသင်းချုပ်ကြီး ဖွဲ့စည်းပြီးသည့် တစ်ပြိုင်နက် အမျိုးသား ကာကွယ်ရေးတပ်မှူး၊ ဗိုလ်မှူး၊ ဗိုလ်ချုပ်ရာထူးများကို ပြောင်းလဲခန့်ထား ကြလေသည်။ အမျိုးသား ကာကွယ်ရေး စစ်တပ်ပေါင်းမှာ ၂၇၀ ရှိ၏။ ၎င်းတို့အနက် အသင်းချုပ်ကြီး၏ လက်အောက်ခံမှာ ၂၁၅ တပ် ဖြစ်လေ သည်။

သိုင်းရားသည် ဗာဆေးမြို့ကို ပြင်သစ်ပြည်၏ မြို့တော် ခေါ် တွင်စေပြီးလျှင် ၂၀ ရက်နေ့၌ အစိုးရပါလီမန်အဖွဲ့ ပြောင်းရွှေ့ရန် စီစဉ် လေ၏။ ၎င်းသည် အထက်ပါ ဗဟိုကော်မတီ ၂ ခုပေါင်းစပ်၍ အသင်း ချုပ်ကြီး ဖွဲ့စည်းသောနေ့ ညနေမှာပင် ပဲရစ်မြို့သို့ ဆိုက်ရောက်လာလေ သည်။ ဂျာမန်တို့နှင့် စစ်ခေတ္တရပ်စဲရန် စာချုပ်ချုပ်ဆိုစဉ်က ပဲရစ်မြို့၌ စစ်သားပေါင်း ၂ သိန်း ၇ သောင်း ၅ ထောင်မျှ ရှိ၏။ စာချုပ်တွင် အမျိုးသားကာကွယ်ရေး တပ်မှအပ အမြဲ စစ်သည်တော် ၄ သောင်း ထက် ပို၍ မထားရဟု ပါရှိသောကြောင့် စစ်တပ် တချို့ကို ဖျက်သိမ်းရန် အမိန့်ထုတ်ပြန်ရ၏။ သို့နှင့် အမြဲတမ်းတပ် တချို့ကို ဖျက်သိမ်းပြီးလျှင် စစ်သားများကို အိမ်သို့ ပြန်လွှတ်လေသည်။ မြို့တွင်း၌ အစိုးရအဖွဲ့ စစ်သည်တော်များ၏ အင်အားမှာ အမြဲတမ်း တပ်သား နှစ်သောင်းနှင့် အစိုးရ သစ္စာတော်ကို စောင့်သိရှိသေသော အမျိုးသားကာကွယ်ရေး တပ်သား တစ်သောင်းရှစ်ထောင် အစုစုပေါင်း ၃၈၀၀၀ ရှိလေတော့ သည်။

အမြဲတမ်းတပ်သား ၂၀၀၀၀ တို့မှာ အလွန် စိတ်ပျက်လျက် ရှိနေကြ၏။ တပ်ကိုလည်း အစိုးရကမဖျက်၊ သားမယား–ဆွေမျိုးများထံ ကိုလည်း မပြန်ရ၍ ပုလိပ်အဖွဲ့နှင့် အထက်အစိုးရတို့ကို မုန်းတီးသော စိတ်များ ဖြစ်ပေါ်လာကြလေ၏။ သို့နှင့် ပဲရစ်မြို့သူမြို့သားတို့ကို ဆွေမျိုး သားချင်းကဲ့သို့ ပေါင်းသင်းရန်စိတ်များ ပေါ်လာကြတော့သည်။

mgyoe.com